ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၆)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးတို့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်းလွန်း၏ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေါင်းဆောင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဗိုဘီအေဂိုမက်ဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ စင်ကာပူသမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၅ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (ယာပုံ)**နှင့် ပို့ဆောင်စဉ်။** (အောက်ပုံ) **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

မျိုးချစ်စိတ်ဓာတ်အပြည့်အဝရှိသော ရဲတပ်ဖွဲ့ဖြစ်အောင်ကြိုးပမ်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားကာကွယ်စောင့်ရှောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံရေးကဏ္ဍ၌ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးအား အောင်မြင်စွာ ကျင်းပပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပေသည်။

ရှေ့ဆက်၍ ချမှတ်ထားသော လုပ်ငန်းစဉ်များ အားလုံးအောင်မြင်စေရန်အတွက် ကဏ္ဍအားလုံးတွင် အမျိုးသားရေး အသိစိတ်ဓာတ်ရှိရှိဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ တစ်ဆက်တည်းတွင် နိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်အတွက် တောင့်တင်း ခိုင်မာသော နိုင်ငံရေးခွန်အားများကို အခိုင်အမာ စိုက်ထူထားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာလ ၁၁ ရက်က ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၆ ခုနှစ် ပထမနှင့်ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

"မိမိနိုင်ငံအနေဖြင့် သူတစ်ပါး၏ ဩဇာလွှမ်းမိုးမှု၊ အနိုင့်အထက်ပြုမှု မခံရအောင်၊ ကိုယ်ခံစွမ်းအားများ ရှိနေရန်အတွက် နိုင်ငံရေးခွန်အား၊ စီးပွားရေးခွန်အားနှင့် စစ်ရေးခွန်အား စသည့်ခွန်အားသုံးရပ် တောင့်တင်းနေရန် တည်ဆောက်ထားရန် လိုအပ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံရေးခွန်အား တောင့်တင်းစေရန်အတွက် နိုင်ငံလုံခြုံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် အဓိကကျပေသည်။ ထိုတာဝန်များကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က အဓိက အခန်းကဏ္ဍက ပါဝင်ထမ်းဆောင်လျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော် တည်တံ့ခိုင်မြဲရေး တာဝန်ကို သမိုင်းနှင့်ချီပြီး ကျေပွန်စွာ ထမ်းဆောင်နေသကဲ့သို့ ရဲတပ်ဖွဲ့ဝင်များကလည်း ပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်အောင် အကာအကွယ်ပေးကြရမည် ဖြစ်သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်နှစ်ရပ်ကို ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များတွင် အဓိကတာဝန်ရှိသကဲ့သို့ နိုင်ငံသားအားလုံးကလည်း အသိစိတ်ဓာတ်ရှိစွာဖြင့် လက်တွဲပါဝင်ကြရန် လိုအပ်ပေသည်။

နိုင်ငံရေးခွန်အားနှင့် စီးပွားရေးခွန်အားသည် ဆက်စပ်လျက်ရှိသည်။ စီးပွားရေး ခိုင်မာ တောင့်တင်းလာသည်နှင့်အမျှ နိုင်ငံတော် တည်ငြိမ်အေးချမ်း သာယာလာမည် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း အေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နေကြသော ပြည်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ၏ လုပ်ငန်းခွင် လုံခြုံရေးအတွက် ထိထိရောက်ရောက် အကာအကွယ်ပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိက အရန်အင်အားစုဖြစ်သဖြင့် တပ်မတော်နှင့် လက်တွဲပြီး နိုင်ငံတော် လုံခြုံအေးချမ်းမှုရှိစေရန်၊ စစ်ရေးခွန်အား တောင့်တင်းခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့ကို ဆက်စပ်ရှုမြင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရန် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေး၏ အရန်အင်အားစုဖြစ်သည့် ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် ခွန်အားသုံးရပ်နှင့် ပြည့်စုံသော၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝရှိသော ရဲတပ်ဖွဲ့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူများအား ကာကွယ် စောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

စက်တင်ဘာ ၁၀ရက်က သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး နယ်မြေလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် ကျေးရွာတစ်ခုလျှင် ထုတ်ကုန်တစ်မျိုးထုတ်လုပ်ရေး စီမံချက်အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သမဝါယမ)

ကျောင်းကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၂

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေး ပညာပေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)** ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီး ဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက အခြေခံ အာဟာရများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အာဟာရ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနမှဒုတိယ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ အေးအေးသော်က ကျောင်းသားနှင့်အာဟာရ၊ ဆယ်ကျော်သက်အကြောင်း သိကောင်းစရာများကို လည်းကောင်း ပညာပေး ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁၃-၉-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် **ဘာသာရပ်**(အင်္ဂလိပ်စာ) **ဗျူဟာများ**(အရှေ့တိုင်း မြန်မာစာ၊ ဒဿနိက၊ ရသ–ပထမနှစ်)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၂၆)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၁၄)

တရားသေဝါဒတွေစွန့်လွှတ်ပြီး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး

တရားသေဝါဒဆိုတာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ အခြေအနေမှန်ကို ပစ်ပယ်တဲ့ဝါဒ၊ မိမိအလိုကို ဆန္ဒစွဲ ဆုပ်ကိုင်ထားတဲ့ဝါဒ၊ အမှားအမှန် ပြန်လည် ဝေဖန်ပိုင်းခြားမှုမပြုတဲ့ဝါဒ၊ ပကတိပတ်ဝန်းကျင်နဲ့ ကင်းကွာစေတဲ့ ဝါဒဖြစ်တယ်။ ခြုံပြီးပြောရမယ်ဆိုရင် တရားသေဝါဒဟာ အစွန်းရောက် အတ္တစွဲဝါဒ ဖြစ်တယ်။

ဒီဝါဒဟာ နိုင်ငံရေးတွင် နိုင်ငံရေးအခြေအနေမှန်ကို ဆန့်ကျင်တဲ့ဝါဒ၊ စီးပွားရေးတွင် စီးပွားရေး အခြေအနေမှန်ကို ဆန့်ကျင်တဲ့ဝါဒ၊ လူမှုရေးတွင် လူမှုရေးအခြေအနေမှန်ကို ဆန့်ကျင်တဲ့ဝါဒ ဖြစ်တယ်။ ဒါကြောင့် အများနဲ့ ကင်းကွာကျဆုံးစေတဲ့ ဝါဒလဲဖြစ်တယ်။

ဒီတရားသေဝါဒကြောင့် နိုင်ငံထူထောင်ရာတွင်ဖြစ်စေ၊ အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေး ကြိုးပမ်းရာတွင် ဖြစ်စေ ပဋိပက္ခအသွင်တွေ ဖြစ်ပေါ်စေပြီး ပြည်သူတွေကို အကျိုးပျက်စေပါတယ်။ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံရေး သမိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့ရတာဟာ ကွန်မြူနစ်ဝါဒကို တရားသေကိုင်စွဲမှု၊ လူမျိုးစွဲဝါဒကို တရားသေကိုင်စွဲမှု၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲဝါဒတွေကို တရားသေကိုင်စွဲမှု ပဋိပက္ခတွေကြောင့် ဖြစ်ပါတယ်။ အမျိုးသားရေးအကျိုး၊ ပြည်သူလူထု အကျိုးကိုသာ စုပေါင်းဦးထိပ်ထားမယ် ဆိုရင် ဘယ်လိုမှ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ ဖြစ်လာနိုင်မယ် မဟုတ်ပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုလဲ ပြိုကွဲနိုင်စရာမရှိပါ။ အဲဒီလို တရားသေဝါဒကို ကိုင်စွဲထားတဲ့ လက်နက်ကိုင် ပဋိပက္ခဒဏ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲတဲ့ဒဏ်ကို တစ်မျိုးသားလုံး ခါးစည်းခံလာခဲ့ရပါတယ်။

၁၉၆၀-၁၉၇၀ခုနှစ်ကာလများက မြစ်ဝကျွန်းပေါ်တွင် ကြီးစိုးခဲ့တဲ့ ဗကပများဟာ အစိုးရထံ စပါးမရောင်းရ။ လူဆိုရင် ကျင်း၊ နွားဆိုရင် ဟင်း၊ လှည်းဆိုရင် ထင်းဆိုပြီး ပိတ်ပင်ခဲ့ပါတယ်။ ဒါ့အပြင် အစိုးရက ဖွဲ့စည်းပေးတဲ့ ကျေးရွာ အခြေခံစားသုံးသူ သမဝါယမအသင်းတွေကိုလဲ အစိုးရရဲ့ လက်ဝေခံ စီးပွားရေးလုပ်ငန်းဖြစ်တယ်ဆိုပြီး လုံးဝဖွဲ့ခွင့် မပြုခဲ့ဘူး။ ဒါကြောင့် ဒီဒေသက ပြည်သူတွေ၊ လယ်သမားတွေဟာ အစိုးရကို စပါးမရောင်းရတဲ့ အတွက် ဝင်ငွေလဲမရှိ၊ အခြားသော ဒေသများမှာလို စားသုံးကုန်လဲမရနဲ့ အကျပ်အတည်းကြီးစွာ ကြုံလာရတယ်။ ဗကပတွေက အစိုးရဆီကရတဲ့ အခွင့်အလမ်းတွေကိုလဲ ယူခွင့်မပြု၊ သူတို့လဲမပေးနိုင်တဲ့အတွက် ကြုံတွေ့နေရတဲ့ အကျပ်အတည်းက လွန်မြောက်ဖို့အတွက် ဒေသခံပြည်သူတွေဟာ အစိုးရနဲ့ ပူးပေါင်းပြီး ဗကပတွေကို ချေမှုန်းခဲ့ကြပါတယ်။ မိမိတို့ရဲ့ ထွက်ရပ်လမ်းကို ရွေးချယ်ခဲ့ကြပါတယ်။ ဒါကြောင့် တရားသေဝါဒကို ကိုင်စွဲထားတဲ့ ဗကပတွေ မြစ်ဝကျွန်းပေါ်မှာ ဇာတ်သိမ်းသွားခဲ့ရပါတယ်။

ဒီနေ့လဲ ပါတီအဖွဲ့အစည်းအချို့ဟာ ဒီအပေါ် သင်ခန်းစာယူရမယ့်အစား မိမိတို့အယူအဆကို တရားသေကိုင်စွဲပြီး တည်ဆဲအစိုးရနဲ့ မစေ့စပ်ရေးလမ်းကို ရွေးချယ်နေဆဲဖြစ်ပါတယ်။ ဒါဟာ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး အတွက် အတားအဆီးဖြစ်သလို ဒီမိုကရေစီထူထောင်ရေးကိုလဲ နှောင့်နှေး စေပါတယ်။ ဒီအပေါ် အလိုတူအလိုပါ ပြည်ပနိုင်ငံကြီးအချို့က လူသားချင်း စာနာတဲ့ အကူအညီဖြတ်တောက်မှု၊ စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေနဲ့ အားပေးအားမြှောက် ပြုနေပါတယ်။ အခုလို မိမိတို့လဲ လုံးဝမကူညီတဲ့ အပြင် အစိုးရရဲ့ ထူထောင်ရေးလုပ်ငန်းမှန်သမျှကို အဆိုးမြင်ပိတ်ဆို့ ဆန့်ကျင်နေမှုတွေဟာ ပြည်သူတွေကို ဆင်းရဲကျပ်တည်းအောင် ဆောင်ရွက်ခဲ့တဲ့ ဗကပတို့ရဲ့ နိုင်ငံရေးတိုက်ပွဲနဲ့ တစ်ထပ်တည်းဖြစ်နေပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့အနေနဲ့ ပြည်သူတွေကို ထိခိုက်စေတဲ့ မိမိတို့ရဲ့ တရားသေဝါဒကို စွန့်လွှတ်ပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို စုပေါင်း လုံ့လပြု ထူထောင်သွားကြဖို့ ဖြစ်ပါတယ်။ အနောက်ဥရောပ ဒီမိုကရေစီကို ပုံတူကူးလိုတဲ့ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တရားသေ ဆုပ်ကိုင် မထားကြဖို့ ဖြစ်ပါတယ်။

အောင်မိုးခံ

ဒီကနေ့ဟာ အခြေအနေ အချိန်အခါတွေ ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါတယ်။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကတို့ဟာ ဖြစ်ပျက်ပြောင်းလဲ လျက်ရှိပါတယ်။ လူ့ဘဝသည်လည်းကောင်း၊ လူ့အဖွဲ့အစည်းသည် လည်းကောင်း၊ လူမှုပတ်ဝန်းကျင်တို့သည်လည်းကောင်း ဖြစ်ပျက်ပြောင်းလဲလျက် ရှိပါတယ်။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းပြီး အသစ်အသစ်တို့ ဖြစ်ပေါ်ပြောင်းလဲ လျက်ရှိပါတယ်။ ဒါကြောင့်လဲ အခြေအနေအချိန်အခါတွေကို တရားသေမှတ်ယူ ထားလို့ မရနိုင်ပါ။ လွန်ခဲ့တဲ့ အနှစ်၅၀က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနဲ့ ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ဟာ ဘယ်လိုမှ မတူညီတော့ပါ။ လွန်ခဲ့တဲ့ ၁၄နှစ်ကနဲ့ ဒီကနေ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေလဲ ဘယ်လိုမှ မတူတော့ပါ။ မျက်ဝါးထင်ထင် အမှန်ပင် ဖြစ်ပါတယ်။

အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်ဆိုတဲ့ ကာလသုံးပါးမှာ အတိတ်ဟာ အခြေအနေ ပေးသာ ဖြစ်တယ်။ ပစ္စုပ္ပန်ဟာ အဆုံးအဖြတ်ဖြစ်ပြီး၊ အနာဂတ်ဟာအလားအလာ ဖြစ်ပါတယ်။ ဒါကြောင့် အတိတ်ကိုဆုပ်ကိုင်မထားဘဲ ပစ္စုပ္ပန်ကိုသာ ရှေးရှုဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပစ္စုပ္ပန်ဟာ အတိတ်ရဲ့ကောင်းမွေတွေကို ပေးသွားနိုင်သလို အနာဂတ်ရဲ့ အလားအလာကောင်းတွေကို ဖန်တီးနိုင်တဲ့ အဆုံးအဖြတ်ပေးကာလ ဖြစ်ပါတယ်။ ပစ္စုပ္ပန်အခြေအနေကို ဘယ်လိုမှ မျက်ကွယ် မပြုသင့်ပါ။ ပစ္စုပ္ပန်ကသာ အရာရာကို ဆုံးဖြတ်နိုင်လို့ ဖြစ်ပါတယ်။

ဒီအပေါ် ဆင်ခြင်လာတဲ့ ပြည်ပရောက် အမေရိကန်အခြေစိုက် မြန်မာပြည် လွတ်မြောက်ရေးအဖွဲ့ဆိုတဲ့ အဖွဲ့ခေါင်းဆောင်တွေဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်နဲ့ အနောက်ဥရောပဒီမိုကရေစီ ပုံတူကူးရေးတရားသေဝါဒ ဟာ ထွက်ပေါက်မဲ့ ဖြစ်နေတယ်ဆိုတာကို ၁၅နှစ်ကျော်ကာလရဲ့ ကိုယ်ပိုင် အတွေ့အကြုံနဲ့ ဆင်ခြင်လာတာ ဖြစ်ပါတယ်။ ပြည်သူတွေကိုသာ ထိခိုက်လာ တယ်ဆိုတာကို သုံးသပ်ဆင်ခြင်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေး ပြဿနာဖြေရှင်းရာတွင် အမျိုးသားညီလာခံလမ်းကြောင်းကို ရွေးချယ်သွားဖို့ ပြောလာပါတယ်။ အစိုးရနဲ့ မစေ့စပ်ရေးလမ်းကို လျှောက်လှမ်းနေတဲ့ ပါတီ အဖွဲ့အစည်းများ အနေနဲ့ မိမိတို့လမ်းစဉ်ကို ပြန်လည်သုံးသပ်ဖို့ ပြောလာပါတယ်။ ပကတိ ပစ္စုပ္ပန်အခြေအနေတွေအပေါ် ဆင်ခြင်နားလည်ဖို့ ဖြစ်ပါတယ်။ သဘောတရားတစ်ရပ် မှန်သလား၊ မှားသလားဆိုတာကို အရေအတွက်နဲ့ မဆုံးဖြတ်နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သဘောတရားသစ်တွေဟာ လူနည်းစုက စတင်လေ့ရှိပြီး လူများစုကို တစ်စတစ်စသာ ပြန့်ပွားလွှမ်းခြုံလေ့ ရှိပါတယ်။ ဒီကနေ့လဲ ပြည်ပရောက် အစိုးရဆန့်ကျင်ရေး အင်အားစုတွေထဲမှာ အမေရိကန် အခြေစိုက် မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ဆိုတဲ့ အဖွဲ့ခေါင်းဆောင်စုတွေရဲ့ အထက်ဖော်ပြပါ အမြင်ကို ထောက်ခံမှု များလာနေတာ တွေ့ရပါတယ်။

နောက်သင်ခန်းစာယူစရာ တစ်ခုလဲရှိပါသေးတယ်။ ၁၉၉၆-၉၇ ခုနှစ်က မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင် လျှောက်ထားမှုအပေါ် ပြည်တွင်းပြည်ပ အင်အားစု များနဲ့ ပြည်ပနိုင်ငံကြီးအချို့က ပြင်းထန်စွာ ပြောဆိုကန့်ကွက်ခဲ့ကြပါတယ်။ နည်းမျိုးစုံနဲ့ ဆန့်ကျင်ခဲ့ကြပါတယ်။ အာဆီယံရဲ့ရည်ရွယ်ချက် (၃)ရပ်ဟာ-

(၁) ဒေသအတွင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများ တိုးတက်ဖြစ်ပေါ် လာစေရန်၊

(၂) နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်မှုအတွက် အင်အားကြီးနိုင်ငံများရဲ့ စွက်ဖက်မှုကို ကာကွယ်ရန်၊

(၃) နိုင်ငံအချင်းချင်း သဘောကွဲလွဲမှုကို ထိန်းသိမ်းဖြေရှင်းရန်

တို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို ဘယ်လိုပင် ကန့်ကွက်ခဲ့ပေမယ့် နောက်ဆုံးမှာ မြန်မာနိုင်ငံဟာ အာဆီယံရဲ့ပကတိဘဝနဲ့ ကိုက်ညီတဲ့ အတွက် အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ ဒီကနေ့ အာဆီယံအဖွဲ့ကြီးမှာ မြန်မာနိုင်ငံ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ အဲဒီလို ပကတိဘဝကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကို ပွက်လောရိုက်ကန့်ကွက်ခဲ့ကြတဲ့ ပြည်တွင်းပြည်ပ အင်အားစုတွေ လက်မှိုင်ချခဲ့ရပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ဒီကနေ့ မိမိတို့ရဲ့စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရေး ဦးတည်ချက်ကို အခြေအနေ အချိန်အခါနဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲတက်လှမ်းကျင့်သုံးလာ ခဲ့ပါတယ်။ တရားသေကျင့်သုံးနည်းနဲ့ အခြေအနေအရ ကျင့်သုံးနည်း အစွန်းတရားနှစ်ပါးကင်းစွာ ကြိုးပမ်းထူထောင်လာခဲ့ပါတယ်။ ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်ရဲ့ နိုင်ငံရေး၊ စီးပွားရေးစနစ်တွေကို ဖျက်သိမ်းမှုကအစ ဒီကနေ့လို မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံထူထောင်ရေးအလုပ်စခန်းကို ရောက်ရှိလာတဲ့အထိ ဖြစ်ပေါ်တိုးတက်မှုအစဉ်တွေကို အထင်အရှားပင် တွေ့နိုင် ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံ ကြီးကို ပြန်လည်ကျင်းပပြီး အပိုင်းတစ်ပိုင်းကို အောင်မြင်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ရှေ့ဆက်သွားရမယ့် လုပ်ငန်းစဉ်တွေကို လက်တွဲလုပ်ဖို့လဲ ကျန်နေတဲ့ ပါတီ အဖွဲ့အစည်းများကို ဖိတ်ခေါ်ဆဲပင် ဖြစ်ပါတယ်။

လူမျိုးတိုင်းဟာ လွတ်လပ်မှုကို မြတ်နိုးကြပါတယ်။ လိုလားကြပါတယ်။ လွတ်လပ်ခြင်းဆိုတာ နိုင်ငံရေးအရ လွတ်လပ်ခြင်း၊ စီးပွားရေးအရ လွတ်လပ်ခြင်း၊ လူမှုရေးအရ လွတ်လပ်ခြင်းတို့ ဖြစ်ပါတယ်။ လွတ်လပ်ခြင်းအားလုံးရဲ့အနှစ်ချုပ် ကတော့ လွတ်လပ်တဲ့နိုင်ငံတိုင်းတွင်ရှိအပ်တဲ့ ဥပဒေပြုရေးအာဏာ၊ တရား စီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာဆိုတဲ့ အချုပ်အခြာအာဏာ (၃)ရပ်စလုံး လွတ်လပ်မှုပင် ဖြစ်ပါတယ်။ ဒီအချုပ်အခြာအာဏာဟာ နိုင်ငံသားများနဲ့သာ သက်ဆိုင်ပါတယ်။ ဘယ်ပြည်ပနိုင်ငံ၊ ဘယ်နိုင်ငံခြားသားနဲ့မှ မသက်ဆိုင်ပါဘူး။

ဒါကြောင့် **အမျိုးသားရေးပြဿနာကို အမျိုးသားအင်အားစုချင်း လက်တွဲ ဖြေရှင်းကြဖို့သာ ဖြစ်ပါတယ်။ ဒီကနေ့နိုင်ငံတော်က ကျင်းပနေတဲ့ အမျိုးသား ညီလာခံကြီးမှာ အမျိုးသားနိုင်ငံရေးအင်အားစုအားလုံး ပါဝင်တက်ရောက်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြဖို့ဖြစ်ပါတယ်။ မိမိတို့လူ့အဖွဲ့အစည်းရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို မိမိတို့တိုင်းရင်းသားချင်း ဆွေးနွေးချမှတ်ကြဖို့ ဖြစ်ပါတယ်။** ဒီအချိန်မှာ အကျိုးမပေးတဲ့ တရားသေဝါဒတွေ စွန့်လွှတ်ပြီး တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်သွားဖို့ ဖြစ်ပါတယ်။ ။

အမျိုးသားရေးပြဿနာကို အမျိုးသားအင်အားစုချင်း လက်တွဲဖြေရှင်းကြဖို့သာ ဖြစ်ပါတယ်။ ဒီကနေ့နိုင်ငံတော်က ကျင်းပနေတဲ့ အမျိုးသား ညီလာခံကြီးမှာ အမျိုးသားနိုင်ငံရေး အင်အားစုအားလုံး ပါဝင်တက်ရောက်ပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး ကြဖို့ ဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်းရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့ တိုင်းရင်းသားချင်း ဆွေးနွေးချမှတ်ကြဖို့ ဖြစ်ပါတယ်။

စက်တင်ဘာ ၇ရက်က ပန်းဘဲတန်းမြို့နယ်အမှတ် (၁) ရပ်ကွက်ရုံးတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲ နှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်နိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပေးအပ်

မင်္ဂလာဒုံမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်း ငွေပဒေသာပင် **စိုက်ထူပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပရာ ကမ္ဘာ့ ရေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အကြို၊ ကြက်ခြေနီ လူမှု ကရုဏာ လုပ်ငန်းများ လုပ်ဆောင်ရန် အလှူငွေ ကျပ် ရှစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီက မြို့နယ် ကြက်ခြေနီ တပ်ရင်းမှူး ဒုရဲမှူး ခင်မောင်သန်းထံ ပေးအပ်စဉ်။ (၃၆၃)**

တားမြစ်လက်နက်များ အီရတ်၌ သိုလှောင်သိမ်းဆည်းထားခြင်းမရှိကြောင်း အီရတ်စူးစမ်းလေ့လာရေးအဖွဲ့က နှစ်ပတ်အတွင်းအတည်ပြုကြေညာမည်

လန်ဒန် စက်တင်ဘာ ၁၀

အီရတ်စူးစမ်းလေ့လာရေးအဖွဲ့သည် လာမည့် သီတင်းနှစ်ပတ်အတွင်း၌ ဆက်ဒမ်အစိုးရတွင် ပိတ်ပင်တားမြစ်ထားသော လက်နက်များ သိုလှောင်သိမ်းဆည်းထားခြင်းမရှိကြောင်း အတည်ပြုကြေညာမည်ဟု ဂါဒီယန်သတင်းစာက ယနေ့ ရေးသားဖော်ပြလိုက်သည်။

ဆက်ဒမ်၏ ဓာတု၊ ဇီဝနှင့် နျူကလီးယားလက်နက်များ အထောက်အထားကိုရှာဖွေနေသော အဆိုပါအဖွဲ့သည် နှစ်ပတ်အတွင်း ယင်း၏အစီရင်ခံစာကို တင်ပြမည်ဖြစ်ကြောင်း ဂါဒီယန်သတင်းစာက မျက်နှာဖုံး၌ ရေးသားဖော်ပြသည်။

ယင်းအစီရင်ခံစာသည် အီရတ်နိုင်ငံ၌ ပိတ်ပင်ထားသော လက်နက်များမရှိကြောင်း အပြီးသတ် ကောက်ချက်ချမည်ဟုလည်း ဂါဒီယန်က ရေးသားသည်။ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားခဲ့ပြီးနောက် လေးလအကြာ ၂၀၀၃ခုနှစ် ဇူလိုင်လတွင် အမေရိကန် ထောက်လှမ်းရေးနှင့် လက်နက်ကျွမ်းကျင်သူများဖြင့် အဓိကဖွဲ့စည်းထားသော လူ၁၀၀၀ကျော်ပါ ယင်းအီရတ်စူးစမ်းလေ့လာရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အီရတ်နိုင်ငံအနှံ့ ဖြန့်၍ ရှာဖွေခဲ့ကြသည်။

(အင်တာနက်)

တရုတ်နှင့် ဗီယက်နမ်နိုင်ငံ ဆက်ဆံရေးပိုမိုတိုးမြှင့်မည်

ပေကျင်း စက်တင်ဘာ ၁၁

တရုတ်နိုင်ငံသည် ဗီယက်နမ်နှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း တရုတ် ဒုတိယဝန်ကြီးချုပ် ဟူအန်ကျူက တနင်္ဂနွေနေ့တွင် ပြောသည်။

တရုတ်-ဗီယက်နမ်ဆက်ဆံရေးသည် ရေရှည်တည်ငြိမ်မှု၊ အနာဂတ်ကို ရှေးရှုမှု၊ အိမ်နီးနားချင်းကောင်း စိတ်ဓာတ်ရှိမှုနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုဟူသော လမ်းညွှန်မှုများအရ ချောမွေ့ပြေပြစ်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)ဗဟိုကော်မတီ၏နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင် ဟူအန်က ပြောသည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာ နှစ်နိုင်ငံ၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် ဗီယက်နမ်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့် ဖူခိုအင်နှင့် တွေ့ဆုံရာတွင် ၎င်းကပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

ပျက်စီး

ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီဓားစာခံနှစ်ဦးလွှတ်မြောက်ရေး အီတလီအစိုးရက ကြိုးပမ်းလျက်ရှိ

ရောမ စက်တင်ဘာ ၁၀

အီရတ်နိုင်ငံ၌ ပြီးခဲ့သည့် အင်္ဂါနေ့က ပြန်ပေးဆွဲခံခဲ့ရသော အီတလီဓားစာခံ နှစ်ဦး လွှတ်မြောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနလက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အဆိုပါအီတလီအမျိုးသမီးနှစ်ဦးအား ပြန်ပေးဆွဲခြင်းကြောင့် အီတလီနိုင်ငံ၏ မြို့တော် ရောမမြို့၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့် ဧပြီလမှစတင်ပြီး အီတလီခုနစ်ဦးပြန်ပေးဆွဲခံခဲ့ရပြီး ၎င်းတို့ထဲမှ နှစ်ဦးသတ်ဖြတ်ခြင်းခံခဲ့ရသည်။

သတ်ဖြတ်ခံရသူ အလွတ်တန်းသတင်းထောက် အယ်ဆာဗာဒိုနီမှာ အီရတ်ရှိ အီတလီကြက်ခြေနီအဖွဲ့အား အကူအညီပေးနေသည့် ငြိမ်းချမ်းရေးလိုလားသူတစ်ဦးဖြစ်သည်။ အီတလီဝန်ကြီးချုပ်အနေဖြင့် လုံခြုံမှုနှင့် လွတ်မြောက်ရေး မဆောင်ရွက်နိုင်မှုကြောင့် လူထု၏ ဖိအားပေးခြင်း ခံနေသော်လည်း ယခုတစ်ကြိမ်တွင် လူထု၏ ဒေါသသည် ပြန်ပေးသမားများ အပေါ် ပုံကျခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီး အီတလီအစိုးရအနေဖြင့် နိုင်ငံရေးအရ အကျိုးအမြတ်ရရှိမှုအတွက် အခြေအနေကို မဖျက်ဆီးသင့်ကြောင်းလည်း ဆန္ဒပြသူများက သတိပေးပြောကြားခဲ့သည်။

(စီအင်န်အင်န်)

နိုင်ငံတကာ သတင်းများ

အီရတ်ရှိ ကုလသမဂ္ဂအမှုထမ်းများ ဘေးအန္တရာယ်ကြီးစွာ အသက်စွန့်လုပ်ကိုင်နေရ

ကုလသမဂ္ဂ စက်တင်ဘာ ၁၀

အီရတ်တွင် လုပ်ငန်းဆောင်ရွက်နေသော ကုလသမဂ္ဂအမှုထမ်းများသည် ဘေးအန္တရာယ်ကြီးစွာ အသက်စွန့်လုပ်ကိုင်နေကြရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က လုံခြုံရေးကောင်စီသို့ ကြာသပတေးနေ့၌ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထောက်အကူပေးရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းနှင့်ပတ်သက်သည့် လုံခြုံရေးကောင်စီသို့ တင်သွင်းသော အစီရင်ခံစာ၌ အီရတ်ပြည်သူများကို စိုးရိမ်သံသယစိတ်များ ဖျောက်ပေးရမည်ဖြစ်ပြီး အီရတ်တို့အား ၎င်းတို့၏ အနာဂတ်နိုင်ငံရေးကို ထိန်းကျောင်းသူများ ပြုလုပ်ပေးမည့် ရည်မှန်းချက်ပန်းတိုင်သို့ ရှေးရှုသောလုပ်ငန်းစဉ်သည် တိကျရှင်းလင်းပြတ်သားမှု ရှိသည်ဆိုသည်ကို အီရတ်တို့အား နားလည်သဘောပေါက်စေရမည်ဟု ရေးသားဖော်ပြထားသည်။

အခက်အခဲဖြစ်စေ

ထို့အပြင် လုံခြုံရေးကောင်စီသို့ တင်သွင်းသည့် အစီရင်ခံစာ၌ အီရတ်၌ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ့ကြုံရသော အကြီးမားဆုံး စိန်ခေါ်မှုသည် လုံခြုံမှုမရှိသော ပတ်ဝန်းကျင်ပင် ဖြစ်သည်ဟု ဖော်ပြထားသည်။ ယင်း လုံခြုံမှုမရှိသော ပတ်ဝန်းကျင်သည် ၂၀၀၅ခုနှစ် ဇန်နဝါရီ၌ ကျင်းပမည့် ရွေးကောက်ပွဲအတွက် အခြေခံလိုအပ်ချက်များ ဖန်တီးရာတွင် အခက်အခဲဖြစ်စေနိုင်ကြောင်း ကိုဖီအာနန်က ပြောဆိုသည်။

ကုလသမဂ္ဂအမှုထမ်းများ၏ လုံခြုံရေးနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံအများအပြားနှင့် လောလောဆယ်ဆွေးနွေးလျက်ရှိကြောင်း၊ လုံခြုံမှုရှိသော ပတ်ဝန်းကျင်တစ်ရပ်သည် အီရတ်၌ ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် တိကျစွာ ဆက်စပ်နေကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြန်ပေးဆွဲခံရသော အီတလီကယ်ဆယ်ရေးဝန်ထမ်းများ ချက်ချင်းပြန်လွှတ်ပေးရန် ဥရောပသမဂ္ဂ တောင်းဆို

လန်ဒန် စက်တင်ဘာ ၁၀

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသော အီတလီနိုင်ငံသား ကူညီကယ်ဆယ်ရေးဝန်ထမ်းများကို ချက်ချင်းပြန်လွှတ်ပေးပါရန် ဥရောပသမဂ္ဂက တောင်းဆိုလျက်ရှိသည်။ ယင်းဝန်ထမ်းများကို လက်နက်အပြည့် တပ်ဆင်ထားသော လက်နက်ကိုင် တပ်ဖွဲ့က နေ့ခင်းအချိန်တွင် ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်ရပ်နှင့် ပတ်သက်ပြီး အီတလီသတင်းမီဒီယာက ထုတ်လွှင့်ခဲ့ရာ အီတလီ ပြည်သူများစွာ အထိတ်တလန့် တအံ့တသြဖြစ်ခဲ့ကြသည်။

ပေါ်ထွက်လာ

လွန်ခဲ့သည့် သီတင်းပတ် အနည်းငယ်ခန့်က အီတလီနိုင်ငံသား ဓားစာခံတစ်ဦး အသတ်ခံခဲ့ရသောဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းကြောင့် ထိုဓားစာခံတို့ လွတ်မြောက်ရေးအတွက် ပြန်ပေးသမားများက ဆက်ကြေးငွေ လိုချင်သလော၊ သို့မဟုတ် အီရတ်မှအီတလီတပ်ဖွဲ့များ ရုပ်သိမ်းစေလိုသလောဆိုသော မေးခွန်းပေါ်ထွက်လာခဲ့သည်။ အဆိုပါ အီတလီဓားစာခံတို့သည် လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများကို လွန်ခဲ့သည့် ၁၉၉၁ခုနှစ်ကတည်းက ဆောင်ရွက်လုပ်ကိုင်နေသူများဖြစ်ပြီး ယခုလိုပြန်ပေးဆွဲခံရခြင်းသည် အံ့သြဖွယ် တစ်ရပ်ဖြစ်နေသည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး တိမ်းမှောက်ပျက်စီးနေသည်ကို စက်တင်ဘာ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ အီရတ်နိုင်ငံအလယ်ပိုင်း၌ စခန်းအသစ်များထူထောင်

ဘဂ္ဂဒက် စက်တင်ဘာ ၁၀

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်မြောက်ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းတွင် ခုခံတိုက်ခိုက်ရေးသမားများကို တိုက်ခိုက်နေချိန်တွင် အီရတ် လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်အလယ်ပိုင်းတွင် စခန်းသစ်များ ထူထောင်ခဲ့ကြသည် ဟုသိရသည်။

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားတို့ထိန်းချုပ်ထားသော ဒေသများသည် ယမန်နှစ်ကထက် ပိုများကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိဒ်က ဝန်ခံခဲ့ပြီးနောက် အဆိုပါသတင်းများ ပေါ်ထွက်လာခဲ့သည်။

ထူထောင်

ခုခံတိုက်ခိုက်ရေးသမားတို့၏ စခန်းသစ်များကို ဖော်လူဂျာနှင့်ရာမာဒီတို့ ပါဝင်သော အီရတ်အလယ်ပိုင်းဒေသတွင် ဖွဲ့စည်းထူထောင်ခဲ့ကြောင်းနှင့် ယင်းစခန်းများကို လွန်ခဲ့သည့် နှစ်လအတွင်း၌ ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်နှင့်အနောက်အုပ်စု သတင်းရပ်ကွက်များက ပြောကြားသည်။

သေဆုံး

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း၌ ဖော်လူဂျာနှင့် မိုဆူးလ်အပါအဝင် နိုင်ငံအစိတ်အပိုင်း အများအပြားတွင် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာခဲ့ပြီး အမေရိကန်စစ်လေယာဉ်များက မိုဆူးလ်အနီးရှိ တာလ်အာဖာမြို့ကို တိုက်ခိုက်ခဲ့ကြသဖြင့် လူ၂၇ဦးထက်မနည်း သေဆုံးပြီး ၇၀ဒဏ်ရာရခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်သတင်းအကျဉ်း

- ★ စီအိုင်အေက ဖမ်းဆီးထားခဲ့သည့် အီရတ် အကျဉ်းသားများ အရေအတွက် အမှန်တကယ်ထက် အဆများစွာ ပိုမိုကြောင်း အမေရိကန်ဗိုလ်ချုပ်နှစ်ဦးပြောကြား။
- ★ ဘာဆာရာမြို့၌ လမ်းဘေး ဗုံးပေါက်ကွဲ။
- ★ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အိုးအိမ်ပျက်စီး။
- ★ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ အီရတ်နိုင်ငံအလယ်ပိုင်း၌ စခန်းသစ်များထူထောင်။
- ★ တားမြစ်လက်နက်များ အီရတ်၌ သိုလှောင် သိမ်းဆည်းထားခြင်း မရှိကြောင်း အီရတ် စူးစမ်းလေ့လာရေးအဖွဲ့က သီတင်းနှစ်ပတ်အတွင်း အတည်ပြုမည်။
- ★ အီရတ်ရှိ ကုလသမဂ္ဂ အမှုထမ်းများ ဘေးအန္တရာယ်ကြီးစွာ အသက်စွန့်လုပ်ကိုင်နေရ။

မလိုတစ်မျိုး လိုတစ်မျိုး သဘောထားနှစ်ခွ အနောက်အုပ်စုကျင့်သုံးမှု ရုရှား ဝေဖန်တိုက်ခိုက်

မော်စကို စက်တင်ဘာ ၁၁

ရုရှားနိုင်ငံတောင်ပိုင်းတွင် မကြာမီက ဓားစာခံဖမ်းဆီးသည့် ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးကြီး ပေါ်ပေါက်ခဲ့ပြီးနောက် အကြမ်းဖက်မှုအပေါ် အနောက်အုပ်စုက မလိုတစ်မျိုး၊ လိုတစ်မျိုး သဘောထားနှစ်ခွ ကျင့်သုံးခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ဝေဖန်တိုက်ခိုက်လိုက်သည်။

ဘာဆာရာမြို့တွင် လမ်းဘေး ဗုံးပေါက်ကွဲ ထိမှန်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြောကြား

အနောက်အုပ်စုသည် စစ်အေးတိုက်ပွဲပြီးဆုံးခဲ့ချိန်မှစပြီး ရန်သူဆိုသော စိတ်အစွဲအလမ်းကို ယခုထိဖယ်ရှားခဲ့ခြင်းမရှိသည့်ပြင် ၎င်းတို့၏ လုံခြုံရေးတပ်ဖွဲ့များသည် အကြမ်းဖက်မှုကို ရုရှားနှင့်အတူ အပြည့်အဝ ပူးပေါင်းနှိမ်နင်းခဲ့ခြင်း မရှိကြောင်း လက်ဗ်ရော့ဗ်က ဗွီရင်ယာနိုဇောစ်တီ သတင်းစာသို့ ပြောကြားသည်။

သံသယရှိခဲ့

အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန်နိုင်ငံတို့က ချေချင်ညာသူပုန်ခေါင်းဆောင် အာစလန်မာစခါဒေါ့ဖ်အား ခိုလှုံခွင့်ပေးခြင်းကို ရုရှားနိုင်ငံက ဒေါသဖြစ်ခဲ့သည်။ စာသင်ကျောင်းအား သိမ်းမှု၏နောက်ကွယ်၌ အာစလန်မာစခါဒေါ့ဖ်ရှိကြောင်း ရုရှားနိုင်ငံက သံသယရှိထားခဲ့သည်။ ထို့ပြင် အခြားသူပုန်ခေါင်းဆောင် ရှာမီလ်ဘာဆာယဲ့ဗ်ကိုလည်း သံသယရှိခဲ့သည်။

ကမ်းလှမ်း

ဘာဆာယဲ့ဗ်နှင့် မာစခါဒေါ့ဗ်တို့ကို လိုက်လံရှာဖွေရာတွင် အကူအညီရမည့် သတင်းအတွက် ရူဘယ်ငွေ သန်း ၃၀၀ (ဒေါ်လာ၁၀သန်းကျော်) ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စု ရုရှားလုံခြုံရေးတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့၌ကမ်းလှမ်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

စီအိုင်အေဖမ်းဆီးထားခဲ့သည့် အီရတ်အကျဉ်းသားများ အရေအတွက် စာရင်းပြသည်ထက် အဆများစွာ ပိုမိုကြောင်း ကန်ဗိုလ်ချုပ်နှစ်ဦးပြောကြား

ဝါရှင်တန် စက်တင်ဘာ ၁၁

ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ) လမ်းညွှန်ချက်အတိုင်းဆောင်ရွက်သော အီရတ်ရှိ အကျဉ်းစခန်းတာဝန်ရှိသူများသည် ကြက်ခြေနီ စစ်ဆေးမှုများကို ဖုံးကွယ်ရန်အတွက် အဘူဂါရိပ်နှင့် အခြားအကျဉ်းစခန်းများရှိ အကျဉ်းသား ဒါဇင်များစွာကို တန်းစီအမည်စာရင်းမှ ပယ်ဖျက်ထားခဲ့ကြသည်ဟု နယူးယောက်တိုင်းမ်က သောကြာနေ့၌ ရေးသားဖော်ပြလိုက်သည်။

တွေ့ရှိခဲ့

စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုသည် ပြီးခဲ့သည့်လက ပြီးဆုံးခဲ့ရာ ဝိညာဉ်အကျဉ်းသားဟု ခေါ်သော သေဆုံးအကျဉ်းသားရှစ်ဦး၏ အမှုထမ်းများကို တွေ့ရှိခဲ့ရသည်။

ဖော်ညွှန်းခဲ့

သို့သော်လည်း ကွန်ဂရက်ကော်မတီနှစ်ခု ရှေ့မှောက်၌ အစစ်ခံထွက်ဆိုရာတွင်လည်းကောင်း၊ ကြာသပတေးနေ့က တွေ့ဆုံမေးမြန်းရာတွင်လည်းကောင်း၊ အမှုစစ်ဆေးသူ ဗိုလ်ချုပ်ကြီးနှစ်ဦးက အကျဉ်းထောင်၌ အမှုထမ်းခဲ့သည့် ရာထူးမှချထားသော စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ပြောဆိုချက်က စာရင်းပြသည်ထက် ဖမ်းဆီးထားသည့် အရေအတွက်သည် အဆများစွာ ပိုများသည်ကို ဖော်ညွှန်းလျက်ရှိကြောင်း ပြောဆိုခဲ့ကြသည်။

ပြောကြား

စာရင်းမှပယ်ဖျက်ထားသော အရေအတွက်မှာ ဒါဇင်များစွာရှိရာ ၁၀၀ မျှအထိ ဖြစ်နိုင်ကြောင်း စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုကို ကြီးကြပ်ရသူ ဗိုလ်ချုပ်ကြီးပေါလ်ဂျေကင်းန်က အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီ၌ ပြောကြားသည်။

အတိအကျမပြောနိုင်

အခြားစုံစမ်းစစ်ဆေးသူ ဗိုလ်ချုပ်ဂျော့အာရ်ဖေးက နှစ်ဒါဇင်မျှရှိကြောင်း၊ သို့မဟုတ် ထိုအရေအတွက်အတိုင်းဖြစ်ကြောင်း ပြောဆိုသော်လည်း ဗိုလ်ချုပ်ကြီးနှစ်ဦးစလုံးက စီအိုင်အေ အကျဉ်းသားအများစုနှင့် ပတ်သက်သည့်မှတ်တမ်းများကို သိမ်းမထားခြင်းကြောင့် အရေအတွက် အတိအကျမပြောနိုင်ကြောင်း ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပျက်စီး

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှဝန်ကြီးများအပေါ် ဗြိတိန်နိုင်ငံသားတို့ ယုံကြည်မှုမရှိ

လန်ဒန် စက်တင်ဘာ ၁၀

ဗြိတိန်နိုင်ငံသား အများစုသည် အီရတ်စစ်ပွဲစခဲ့ချိန်မှစပြီး ဗြိတိသျှဝန်ကြီးများအပေါ် ယုံကြည်ကိုးစားမှု မရှိကြကြောင်း ဗြိတိသျှသတင်းစာ ဂါဒီယန်က အသေးစိတ်စူးစမ်း လေ့လာချက်ကို ကိုးကားလျက် ကြာသပတေးနေ့က ရေးသားဖော်ပြလိုက်သည်။

ယုံကြည်မှုမရှိ

လူ၁၀၀၀ကို စူးစမ်းမေးမြန်းကြည့်ရာတွင် လွန်ခဲ့သည့် နှစ်မတ်လ၌ အီရတ်ကို အမေရိကန်နှင့် အပေါင်းပါများ ဆင်နွှဲခဲ့သည့် စစ်ပွဲတွင် ဝန်ကြီးချုပ်တိုနီဘလဲ ပူးပေါင်းခဲ့ချိန်မှစပြီး ဗြိတိသျှလူမျိုး ၆၀ ရာခိုင်နှုန်းသည်ဝန်ကြီးများအပေါ် ယုံကြည်ကိုးစားမှု မရှိကြကြောင်း သိရသည်။

ဝေခွဲမရ

အီရတ်စစ်ပွဲအား ကိုင်တွယ်စီမံမှုနှင့်ဆိုင်သော အတွင်းရေးကိစ္စများကို ဟတ်တန် စုံစမ်းစစ်ဆေးမှုက ဖွင့်ချခဲ့မှုကြောင့် လူ ၄၂ ရာခိုင်နှုန်းသည် ဝေခွဲမရ ဖြစ်ခဲ့ကြသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံဖြစ်လာ

ပေကျင်း စက်တင်ဘာ ၁၁

စီးပွားရေးမြေပုံအသစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီဖြစ်ကြောင်း ပေကျင်းမြို့၌ သောကြာနေ့က ကျင်းပသော ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု(အန့်တက်)ညီလာခံ၌ အန့်တက် အတွင်းရေးမှူးချုပ် ရူဘင်စ်ရီကူပီရိုက ပြောကြားလိုက်သည်။

ကမ္ဘာ့စီးပွားရေးနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ယင်းနိုင်ငံတကာဖိုရမ်တွင် ရီကူပီရိုက ဖွံ့ဖြိုးပြီးနိုင်ငံများမှ အထောက်အပံ့များအပေါ် အားကိုးအားထားပြုပြီး နိုင်ငံအများအပြားက စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြကြောင်း သို့ရာတွင် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ယင်းအချက်ကို အပြောင်းအလဲဖြစ်စေခဲ့ကြောင်း ပြောကြားသည်။

ဈေးကွက်အသစ်

တရုတ်နိုင်ငံ၏ ဝယ်လိုအား လျင်မြန်စွာတိုးမြင့်လာမှုက တရုတ်နိုင်ငံအား ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဈေးကွက်အသစ်တစ်ခု ဖြစ်လာစေခဲ့သည်။

၂၀၀၃ခုနှစ် - ၂၀၀၄ခုနှစ် ပထမခြောက်လပတ်တွင် တရုတ်နိုင်ငံ၏ သွင်းကုန်နှင့်ပို့ကုန်များ တိုးတက်လာခဲ့ကြောင်း တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ထုတ်ကုန်များကိုလည်း အခွင့်အလမ်းပေးခဲ့ကြောင်း ကူပီရိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ စင်ကာပူသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေါင်းဆောင်နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး မဒမ်ဖိုဘီအေ ဂိုမက်ဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးဒေါ်စံယုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

(၅၁)ကြိမ်မြောက်ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၁၂

(၅၁)ကြိမ်မြောက်ဆရာဝန်ညီလာခံကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ ၂၅ရက်အထိ မန္တလေးမြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံအတွက် (၅၁)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား စက်တင်ဘာ ၁၈ရက်(စနေနေ့)မွန်းလွဲ၁နာရီတွင် အမှတ် ၂၄၉သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၂ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏မြို့နယ်အတွင်းရှိအထက၊ အလက၊ အမက ကျောင်းများမှချို့တဲ့ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲကို အထက (၂) ဗဟန်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တကောင်းဒေသဝန်းကျင် ယဉ်ကျေးမှုဇုန်အဖြစ်သတ်မှတ်

ရှေးဟောင်းသုတေသနဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းထွန်းကားရေး ရှေးဟောင်းပြတိုက်၊ဟိုတယ်နှင့် အခြားလေ့လာစရာများ တည်ဆောက်မည်

ရန်ကုန် စက်တင်ဘာ ၁၂

တကောင်းမြို့ဟောင်းကို ၂၀၀၃ခုနှစ်ဆန်းမှစ၍ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပညာရှင်သုတေသီတို့ ပူးပေါင်း၍တူးဖော်ခဲ့ရာ ပျူခေတ်ဆိုင်ရာ အထောက်အထားများဖြစ်သည့် ပျူအရိုးအိုးများ၊ ပျူခေတ်မြေပန်းကန်၊ ရေတကောင်း၊ ရေခွက်များ၊ ပျူဒင်္ဂါးများ၊ လက်စင်းရာပါအုတ်ချပ်နှင့် လက်စင်းရာပါ အုတ်မြို့ရိုးများ၊ ပျူခေတ်သုံးမြေမီးဖုတ်ပုတီးစေ့၊ ရောင်စုံကျောက်ပုတီးစေ့အမျိုးမျိုး၊ အခြားပျူ အသုံးအဆောင်ပစ္စည်းများ၊ ပျူခေတ်အဆောက်အအုံတို့၏ ပန္နက်ပုံနေရာများ၊ သံချက်ဖို ၃၀ကျော်၊ သံလက်စွပ်၊ လက်ကောက်၊ ဓား၊ လှံ၊ မြား၊ မှိန်းများ၊ ကြေးပစ္စည်းအမျိုးမျိုးဖြစ်သော ကြေးခြူ၊ကြေးလက်ကောက်၊ ကြေးအိုးအဖုံး၊ ကြေးလက်နက်များ၊ ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်နှောင်း ကျောက်လက်နက်ပစ္စည်းများကို တကောင်းမြို့ဟောင်းနေရာ၌သာမက အနီးအနားရှိ ဆင်ညှပ်ကုန်း၊ ဖုန်ကုန်း၊ ဝါးရုံကုန်း၊ ပုတီးဖြူ၊ကြံညှပ်၊ တွင်းငယ်၊ နတ်လှေကားအစရှိသော အရပ်ဒေသနေရာများမှပါ တွေ့ရှိခဲ့သည်။

၂၀၀၄ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း တကောင်းမြို့ဟောင်း ကုန်းအမှတ် (TG-31)ကို တကောင်း အခြေခံပညာအထက်တန်းကျောင်းဝင်း အရှေ့တောင်ထောင့်တွင် တူးဖော်ရာမှ ကျင်းအမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)နေရာတို့မှ ပျူအရိုးအိုး၊ ပျူရေတကောင်း၊ ရေအိုး၊ ရေခွက် ၆၄လုံးကို အစုလိုက် အပြုံလိုက် တွေ့ရှိရာ ယင်းပစ္စည်းများက တကောင်းဒေသ၌ ဟန်လင်း၊ ဗိသနိုးအစရှိသော ပျူမြို့ကြီးများထက် နောက်မကျသောကာလက ပျူမြို့ပြနိုင်ငံကြီး ထွန်းကားခဲ့ကြောင်း အခိုင်အမာ အထောက်အထားများကို ရရှိခဲ့သဖြင့် မြန်မာ့သမိုင်းနှင့် မြန်မာ့ရှေးဟောင်း သုတေသနလုပ်ငန်းအတွက် အလွန်တန်ဖိုးကြီးမားသော တွေ့ရှိမှုကြီးတစ်ရပ်ဖြစ်ခဲ့သည်။

သွားရောက်လေ့လာမည်

တကောင်းမြို့ဟောင်း TG-31နေရာမှတွေ့ရှိရသော အရိုးအိုးများ၊ ရေတကောင်း၊ ရေခွက်၊ ညောင်ရေအိုး၊ ပန်းအိုးတို့သည် အရွယ်အစား အမျိုးမျိုး ဖြစ်ရုံသာမက အိုးကိုယ်ထည်နှင့် အိုးလည်ရစ်များတွင် အစင်းခြစ်ရာအမျိုးမျိုး၊ မှန်ကူကွက်ပုံ၊ လှိုင်းတွန့်ပုံ၊ ပန်းနွယ်ပန်းခက်၊ မီးလျှံမီးညွှန့်ဒီဇိုင်းလက်ရာအမျိုးမျိုး၊ နေဝန်းထွက်ပုံ၊ နေခြည်ဖြာထွက်ပုံ၊ လူပုံ၊ နွားပုံ၊ ဆင်ပုံ၊ ဟင်္သာပုံ၊ ပန်းပွင့်အဖူး၊ အင့်ပုံ၊ ဆွမ်းအုပ်ပုံ၊ တံဆိပ်နှိပ်အဆင်တန်ဆာများကိုလည်း တွေ့ရှိခဲ့ရုံသာမက အရိုးအိုးများအတွင်းမှ ကြေးဇွန်း၊ ကြေးပြားအဖုံး၊ ကြေးခြူ၊ ကြေးလက်ကောက်၊ မိုးကြိုးသွားနှင့် ကြေးပစ္စည်းများ၊ ငွေလက်စွပ်၊ ရွှေပြား၊ သံလက်ကောက်၊ သံမှိန်း၊ သံမြား၊ သံဓားအတိုအရှည်၊ သံကွင်း သံပြား အမျိုးမျိုး၊ လုံ့တံအမျိုးမျိုးနှင့် အရိုးစများ၊ အရိုးပြာများ၊ မီးသွေးစများကို တွေ့ရှိခဲ့ရာ ထိုပစ္စည်းများ၏ ကာလအပိုင်းအခြားအတိအကျကို သိရှိရန်နှင့် အရပ်ဒီဇိုင်းများ၏ ယဉ်ကျေးမှုလက်ရာများကို လေ့လာ၍ တကောင်းခေတ် ပျူတို့၏ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းရန်၊ ပန်းတော့၊ ပန်းထိမ်နှင့် ဗိသုကာလက်ရာ အဆင့်အတန်းများကို မှတ်တမ်းတင်ရန် ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ဦးဆောင်၍ ပညာရှင်များက သွားရောက်လေ့လာကြမည်ဖြစ်သည်။

အရိုးအိုးများပေါ်မှ တွေ့ရှိရသော ဒီဇိုင်းပုံများ၊ လူတိရစ္ဆာန်နှင့် ပန်းပွင့်ပန်းခက်များ၊ ကြေးခြူများကို လေ့လာခြင်းဖြင့် တကောင်းခေတ်ပျူတို့၏ ပန်းချီနှင့် ဂီတကို အနီးစပ်ဆုံး ခန့်မှန်းဖော်ထုတ်နိုင်ကြမည်ဟု ယုံကြည်လျက်ရှိသည်။ ထိုမျှသာမက တွေ့ရှိရသော ရှေးဟောင်းပစ္စည်း အနုပညာလက်ရာများ မပျောက်မပျက်စေရန်နှင့် တာရှည်တည်တံ့စေရန်အတွက်လည်းယဉ်ကျေးမှုဝန်ကြီးဌာနမှ ပညာရှင်များက သွားရောက်ထိန်းသိမ်းထားရှိကြမည်ဖြစ်သည်။

အထူးသဖြင့် ပျူအရိုးအိုး အမှတ် (၁၄)အတွင်းမှ တွေ့ရှိရသော လူဦးခေါင်းခွံနှင့် အပြည့်အစုံနီးပါးမျှ ရရှိသော အရိုးများကို ကျွမ်းကျင်သူ ပညာရှင်များက လေ့လာ၍ ထိုခေတ်ကာလ ပျူလူမျိုးတို့၏ အရပ်အမောင်း၊ ကျန်းမာမှု၊ အနေအထိုင်၊ ဓလေ့စရိုက်တို့ကို စိတ်ဝင်စားဖွယ်ရာ ခန့်မှန်းဖော်ထုတ်ကြမည်ဟုသိရသည်။

ယခုအခါ တကောင်းဒေသဝန်းကျင်ကို ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်၍ တကောင်းရှေးဟောင်း ဇုန်နယ်မြေကို ခံ့ညားထည်ဝါရုံသာမက ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေရန် ပန်းပဲဆရာကြီး ဦးတင့်တယ်၊ သူရဲကောင်းပျူစောထီးတို့၏ပုံများဖြင့် တကောင်းမြို့အဝင်မုခ်ဦးကို လှပစွာ တည်ဆောက်၍ တကောင်း၌ ရှေးဟောင်းပြတိုက်ကြီးတစ်ခုကိုလည်း တည်ဆောက်မည်ဖြစ်သည်။ ထို့ပြင် ရှေးဟောင်းသုတေသနဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းထွန်းကားစေရန် ရည်မှန်း၍ တကောင်း၌ ဟိုတယ်များနှင့် အခြားလေ့လာစရာများကိုလည်း ထူထောင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေးဗဟိုကော်မတီစတုတ္ထအကြိမ်ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၂

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာအကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးရလဒ်အဖြစ် Economic Co-operation Strategy (ECS) နိုင်ငံများ၏ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေးဗဟိုကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ၉ရက် ညနေ၄ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ ကျင်းပရေးဗဟိုကော်မတီနာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ အစည်းအဝေး မစတင်မီ ဗဟိုကော်မတီနာယကများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ကုန်စည်ပြပွဲ ကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာအတွင်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ အစီအစဉ်အရ အခမ်းအနားမှူးက တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုချက်ရယူသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ဗဟိုကော်မတီနာယကများဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အဖွင့်အမှာစကား ပြောကြားကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဖြည့်စွက်ဆွေးနွေးသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးက ကုန်စည်ပြပွဲနှင့်စပ်လျဉ်း၍ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေး၊ ဖျော်ဖြေရေးနှင့် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ဆွေးနွေးပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ ကုန်ပစ္စည်းများ ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ၊ ကုန်ပစ္စည်း ရောင်းချရေးနှင့် ရှင်းလင်းရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်း ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ကျင်းပရေးဗဟိုကော်မတီနာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ်စကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ–၂၀၀၄ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၅ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အင်းစိန်ဓမ္မဝါဒီသီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်တော်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် **ဓမ္မဝါဒီသီလရှင်စာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူကြသော သီလရှင်ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ သီလရှင်ဝတ်စုံနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါသီလရှင်စာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်ပူဇော်ကြည်ညိုသည်။**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်ဇနီး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်သည့် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အင်းစိန်မြို့နယ် ဓမ္မဝါဒီ သီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ဓမ္မသီဂီထံ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသမီးထုစည်းရုံးရေးလုပ်ငန်းကော်မတီ၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ၊ တိုင်းရင်းဆေးနှင့် သီလရှင်ဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက် ဓမ္မဝါဒီ သီလရှင်စာသင်တိုက်အတွက် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အလှူငွေကျပ်နှစ်သိန်း၊ သမားတော်ကြီး ဦးဘိုကြီး၊ ဒေါ်သန်းသန်း(ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)က အလှူငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အလှူငွေကျပ် နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အင်းစိန်မြို့နယ် ဓမ္မဝါဒီသီလရှင်စာသင်တိုက်သို့ ယနေ့လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် အိတ် ၁၂၀၊ ဆီ ၂၅ ပိဿာ၊ ဆား ၂၆ ပိဿာ၊ ပဲတစ်အိတ်၊ တိုင်းရင်းဆေးမျိုးစုံ ၂၁၁၂ ဘူး၊ သီလရှင်ဝတ်စုံ ၄၈စုံနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၃၂၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဓမ္မဝါဒီသီလရှင်စာသင်တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ သီလရှင်ဝတ်စုံများနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း)

ဒုတိယဝန်ကြီးဦးကျော်သူနှင့်အဖွဲ့ ထိုင်းမှပြန်လည်ရောက်ရှိ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏အစိုးရနှင့်ပုဂ္ဂလိက ညှိနှိုင်းအစည်းအဝေးတက်ရောက်ခဲ့ကြ

ရန်ကုန် စက်တင်ဘာ ၁၂

မဟာမဲခေါင်ဒေသတွင်းရှိ နိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အခြေခံ အဆောက်အအုံများ ပူးပေါင်း အကောင်အထည်ဖော်ရေးနှင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း အမြင်ချင်းဖလှယ်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ၉ရက်မှ ၁၁ရက်အထိကျင်းပသည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကအဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

အဖွင့်အမှာစကားပြော

အစည်းအဝေးကျင်းပသည့် စက်တင်ဘာ၁၀ရက်တွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Suwat Liptaparlop က ကြိုဆိုနှုတ်ဆက်မိန့်ခွန်းပြောကြားခဲ့ပြီး GMS Business Forum ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးဝင်းအောင်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒုတိယဥက္ကဋ္ဌ Mr.Liqun Jin တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ခင်းကျင်းပြသ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ယူနန်ပြည်နယ်)၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အသီးသီးတို့က ဆွေးနွေးပြောကြားကြသည်။ အစည်းအဝေးကျင်းပရာ Inter Continental Hotel၌ မြန်မာနိုင်ငံအနေဖြင့် ပြခန်းပါဝင်ခင်းကျင်းပြသခဲ့ကြောင်း သိရှိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကအဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကိုတွေ့ရစဉ်။ (သတင်းစဉ်)

မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကအဆင့်မြင့်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံပြခန်း ပါဝင်ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ်
ဝါခေါင်လကွယ်နေ့(ဥပုသ်နေ့)
၁၃-၉-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ ဖြူးချောင်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Island of Dhamma
၈း၅၀ ၁၀။ ဘဒ္ဒန္တ ကိတ္တိ(အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင် ဆရာတော်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် မြင်းခြံမြို့ထံမှ နဝင်္ဂပေါသထ သီလခံယူဆောက်တည်ခြင်း

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) အထက-၄၊ တာမွေ (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ (ပထမနှစ် အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ(အဆင့်မြင့်ပညာအဆင့်)(အမျိုးသား၊ အမျိုးသမီး)
၁၇း၄၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၅၀ ၉။ တေးဂီတအစီအစဉ်
၁၈း၀၅ ၁၀။ Discovery
၁၈း၁၀ ၁၁။ နိုင်ငံခြား ကာတွန်းဇာတ်လမ်းတွဲ **မျောက်မင်းဂူခုနန်း**(အပိုင်း-၂၃)
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား(စပါး-၁၊ ရိတ်သိမ်းခြွေလှေ့စက်)
၁၉း၁၅ ၁၅။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) **သတ္တသတ္တာဟ စံနေတော်မူခန်း** (ဣန္ဒာဆွေ ရေးသား၊ ဇော်ဥ ဖြူသီ သီဆိုပူဇော်သည်)
၁၉း၃၅ ၁၆။ ပေါင်းတည်မြတ်စွယ်တော်ပူဇော်ပွဲ
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရုံရောအခါ**(အပိုင်း-၂၁)
၂၁။ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ပရိသတ်များက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် အကျော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်စဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယမြို့တော်ဝန်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်တို့က လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်က လှူဒါန်းသောဆီနှင့် ဆပ်ပြာများကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန နှင့် ဆားလုပ်ငန်းရှင်များက လှူဒါန်းသည့် အိုင်အိုဒင်းဆားနှင့် သွားတိုက်ဆားဘူးများကို တာဝန်ရှိသူတစ်ဦးက

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် (ကြည်း၊ရေ၊လေ) တပ်မတော်အရာရှိကြီးများက ဆရာတော်ထံ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်မှတ်တမ်းရုံး တပ်မှူးနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင် များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပြီး အကျော် ကျောင်းတိုက် ပဓာနနာယက ဆရာ တော် ဘဒ္ဒန္တရေဝတထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ ဝင်များ၊ ဧည့်ပရိသတ်များက ငါးပါး သီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာ တော် အရှင်သူမြတ်များအား အတွင်း ရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး (လေ) ဒုတိယ ဗိုလ်မှူးကြီးနေဝင်းတို့က ပဓာန နာယကဆရာတော်နှင့် ရတနာသိင်္ဂီ သီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီးတို့အား ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လည်း ကောင်း၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီက လှူဒါန်း သော ဆွမ်းဆန်တော်များကို ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လည်းကောင်း၊ သာသနာရေးဝန်ကြီး ဌာနက လှူဒါန်းသော ဆွမ်းဆန်တော် များကို ဒုတိယညွှန်ကြားရေးမှူးချုပ် များဖြစ်ကြသော ဦးထွန်းမြအောင်နှင့် ဦးထင်မျိုးတို့က လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လှိုင်သာယာမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က လှူဒါန်းသော ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာနကလှူဒါန်းသော တိုင်းရင်းဆေး များကို တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လည်းကောင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က လှူဒါန်းသော ဆွမ်းဆန်တော်များကို အတွင်းရေးမှူးဦးမျိုးအောင်က လည်း ကောင်း၊ လှိုင်သာယာမြို့နယ် (၉) ရပ်ကွက် တစ်ဆုပ်ဆန်လှူအသင်း၊ အမှတ်(၁၉)ရပ်ကွက်ပြည်သူများနှင့် အမှတ်(၂၀)ရပ်ကွက် ပြည်သူများ လှူဒါန်းသည့် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက လည်းကောင်း၊ အိုကေဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း- ဒေါ်အုန်းကြင်တို့က ဆွမ်းဆန်တော် များကို လည်းကောင်း၊ စန္ဒီပရဆေးမှ (ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့က ဆွမ်းဆန်တော်များကို လည်းကောင်း၊ မှန်ချိုဆေးတိုက်၊ ဂရိတ်ဝေါတိုင်းရင်း ဆေးဝါးလုပ်ငန်းမှ ဦးမောင်မောင်နှင့် ညီများ၊ ထွန်းရွှေဝါဆေးတိုက်နှင့် သမားတော်ကြီးဦးရွှေမြ ဆေးတိုက် တို့က တိုင်းရင်းဆေးများကိုလည်း ကောင်း ဆရာတော်ကြီးထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဘုန်းတော်ကြီး ကျောင်းများနှင့် သာသနာ့နွယ်ဝင် သီလရှင်ကျောင်းတို့သို့ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်း ကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် တစ်သိန်းနှစ် သောင်း၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသောင်းခြောက်ထောင်၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ က ငွေကျပ်သုံးသိန်း၊ သမားတော် ဦးဘိုကြီး-ဒေါ်သန်းသန်းက ငွေကျပ် နှစ်သိန်းနှင့် ဂရိတ်ဝေါ တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် တစ်သိန်း ငါးသောင်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ အတွင်း ရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အတွက် အလှူရှင်များဖြစ်ကြသော တစ်သိန်းငါးသောင်း၊ ဝါဝါဝင်းကုမ္ပဏီ လီမိတက်က ငွေကျပ်တစ်သိန်း၊ လှိုင်သာယာမြို့နယ် ပညာရေးမိသားစု က ငွေကျပ်တစ်သိန်း၊ ဆန်းမြန်မာ ကုမ္ပဏီက ငွေကျပ် ရှစ်သောင်း၊ လှိုင်သာယာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့နှင့် ဈေးများက ငွေကျပ် ကိုးသောင်း၊ လှိုင်သာယာမြို့နယ်ရှိ တည်းခိုခန်းပိုင်ရှင်များက ငွေကျပ် ခြောက်သောင်း၊ လှိုင်သာယာမြို့နယ် ဌာနဆိုင်ရာများ၊ လှိုင်သာယာမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ၊ ဦးအုန်းလွင် (ဥက္ကဋ္ဌ၊ မွေးမြူရေးအထူး ဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လှိုင်သာယာ)၊ လှိုင်သာယာမြို့နယ် မလွန်ဆန်လှူအသင်းထောက်၊ သမား တော်ဦးရွှေမြှား-ဒေါ်ခင်ယုံ၊ ထွန်းရွှေ ဝါ ဆေးတိုက်နှင့် လမ်းမတော်မြို့ နယ်မှ ဒေါ်လှလှတို့က ငွေကျပ် ငါးသောင်းစီနှင့် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ များကို ပေးအပ်လှူဒါန်းကြရာတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်

ဆက်လက်၍ လှိုင်သာယာ မြို့နယ် အမှတ်(၄)ရပ်ကွက် သာယာ ကုန်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဂန္ဓဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တက သာခု အနုမောဒနာတရား ဟောကြားချီးမြှင့် တော်မူရာ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင် များ၊ ဧည့်ပရိသတ်များက နာကြား ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် အနန္တဓမ္မစာရီ ဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ မေတ္တာပို့ဖြင့် မေတ္တာပို့သကြပြီး အခမ်း အနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ နှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစု

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် (ကြည်း၊ရေ၊လေ) တပ်မတော်အရာရှိကြီး များက သီလရှင်ဆရာကြီးများထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝင်းရတနာခရီးသွားလုပ်ငန်းက ငွေ ကျပ် တစ်သိန်းရှစ်ထောင်၊ သမ္မတ သင်္ကန်းတိုက် ဦးသန်းနိုင်-ဒေါ်ကြည် ကြည်ဆွေတို့က ငွေကျပ်တစ်သိန်း နှစ်သောင်း၊ (ဦးသိန်းမောင်)-ဒေါ်ပါး ပါး စန္ဒီပရဆေးက ငွေကျပ်၁၅၀၀၉၀၊ မှန်ချိုဆေးတိုက်မှ သမားတော် ဦးလှဌေး-ဆရာမဒေါ်တင်နွယ်ဦး တို့က ငွေကျပ်တစ်သိန်း၊ လှိုင်သာယာ မြို့နယ်လုပ်ငန်းရှင်များက ငွေကျပ် စိန်ထွားနှင့် တပ်မတော်အရာရှိကြီး များက လက်ခံကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစု များနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် အလှူငွေများလှူဒါန်းရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းလျှောက်ထားသည်။ များနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၃၇ အိတ်၊ ဆီ ၁၀၃ ပိဿာ၊ ပဲ ၂၀၆ ပိဿာ၊ အိုင်အိုဒင်း ဆား ၁၀၃၂ပိဿာ၊ သွားတိုက်ဆား ဘူး ၂၀၆ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၄၄၆၀၊ ဆပ်ပြာတောင့် ၂၀၆၄ တောင့်နှင့် ဆွမ်းပသောပင်အတွက် အလှူတော်ငွေကျပ် ၂၆၄၃၅၉၀ ဖြစ် သည်။

သဃ်န်းကျွန်းမြို့နယ်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မဟာသိပ္ပံစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီရိဓမ္မထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်တို့က ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆွမ်းဆန်တော်၊ဆီနှင့် ပဲများကို ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က လှူဒါန်းကြသော ဆွမ်းဆန်တော်များကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ပဲနှင့် ဆေးများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် သုံးသိန်းလေးသောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်းနှစ်ထောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် နှစ်သိန်း၊ ဦးတင်မောင်စိုး-ဒေါ်မေသက်နှင်းမိသားစုတို့က ငွေကျပ် ၁၅သိန်း၊ ရွှေတောင် ဆောက်လုပ်ရေးက ငွေကျပ်ငါးသိန်း၊ ILBC မိသားစု၊ Mother Trading Co., Ltd.နှင့် နိုင်ဂရု ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီဆိုင်တို့က ငွေကျပ်သုံးသိန်းစီ၊ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်းလေးထောင်၊ မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီ၊ ပြည်လုံးချမ်းသာဆေးတိုက်နှင့်ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က ငွေကျပ်နှစ်သိန်းစီ၊မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ငွေကျပ်တစ်သိန်းကိုးသောင်းရှစ်ထောင်၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၈၀၊ဘီတီဘီကုမ္ပဏီနှင့် ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့က ငွေကျပ် တစ်သိန်းငါးသောင်းစီ၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကငွေကျပ်တစ်သိန်းရှစ်ထောင်၊ မှန်ချိုဆေးတိုက်ကငွေကျပ် တစ်သိန်း၊ သမ္မတသက်န်းတိုက်က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဆန်းမြန်မာ ကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းနှင့် ဆီကုန်သည်ကြီးများအသင်းက ငွေကျပ်နှစ်သိန်း၊ ACE ဆောက်လုပ်ရေး၊ Lizstar ဆောက်လုပ်ရေး၊ မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ တာမွေမြို့နယ်မှ ဒေါက်တာမိုးတင်မိသားစု၊ စိန်နှင့် ဆန်းကုမ္ပဏီ၊ သဃ်န်းကျွန်းမြို့နယ်မှ ကြည်သာရွှေဆိုင်မိသားစု၊ ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး၊Silver Shine Co.,Ltd.သဃ်န်းကျွန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အရှေ့ပိုင်းခရိုင် ယာဉ်လိုင်းများအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ မြောက်ဥက္ကလာပမှ ချမ်းမြေ့စတိုးက ငွေကျပ် ခြောက်သောင်းသုံးထောင်၊ တက်လမ်းဆောက်လုပ်ရေးနှင့် အောင်သုခဆောက်လုပ်ရေးတို့က ငွေကျပ်တစ်သိန်းစီ၊ ယုဇနဆောက်လုပ်ရေး၊ M.M.Mဆောက်လုပ်ရေး၊ ထွန်းရွှေဝါဆေးတိုက်၊ ဦးရွှေမြား-ဒေါ်ခင်ယုံမိသားစု၊ ထက်လင်းဆေးတိုက်နှင့် မြန်မာနိုင်ငံ ပဲနှမ်းကုန်သည်ကြီးများအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာနတို့က ငွေကျပ်ခုနစ်သောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြမြခိုင်၊ ဘဏ္ဍာရေးမှူး ဒေါ်သူဇာသန်း၊ Top Star ဆောက်လုပ်ရေး၊ Nice ဆောက်လုပ်ရေး၊ အိုလံပစ်ဟိုတယ်၊ မွေးကော်အိတ်လုပ်ငန်း၊ ရောင်နီဦးသစ်စက်၊ ဝင်းတင်ပဲငံပြာရည်လုပ်ငန်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ၊ ကြိုင်ဟောင်း ပဲငံပြာရည်လုပ်ငန်း၊ အောင်သပြေဧည့်ရိပ်မွန်၊ ဦးအောင်မြင့် လူပျံတော်ပတ္တမြားနှင့်ဟုန်ရှင်းကုမ္ပဏီတို့က ငွေကျပ်ငါးသောင်းစီ အပါအဝင် အလှူရှင်များက အလှူတော်ငွေပေါင်းငွေကျပ် ၇၉၄၉၆၄၀ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများက ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကိုယ်စား လက်ခံကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဖက်ပင်အိုင်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာဘိဝံသက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစု ဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၇၉၃အိတ်၊ ဆီ ၃၅၂ ပိဿာ၊ အိုင်အိုဒင်းဆား ၃၀၁၈ပိဿာ၊ သွားတိုက်ဆားဘူး ၅၉၈ ဘူး၊ ပဲ ၆၂၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၉၈၇၉ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ကျပ် ၇၉၄၉၆၄၀ ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင်ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများ စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ဂျီတီစီစနစ်သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်း၊ ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ခုနှစ် ဩဂုတ် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၂

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်သူ၊ တပ်ထိန်းတပ်(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးသိုက်ထွန်းနှင့် ဦးခင်မောင်၊ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့်သက်ဆိုင်ရာတပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၀ ရက်က ကမာရွတ် မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ဂျပန်နိုင်ငံ (၆)ကြိမ်မြောက် Children's Art in 2003 ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများကို ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက ဆုရကျောင်းသား မောင်ဖြိုးမာန်ဟုန်လင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

မုန်တိုင်းငယ် အားပျော့ပျက်ပြယ်

ရန်ကုန် စက်တင်ဘာ ၁၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ယမန်နေ့ညဦးပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နှင့် မြန်မာနိုင်ငံ မောင်တောမြို့အကြားမှကမ်းခြေကိုဝင်ရောက်ကာ အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

စက်တင်ဘာ ၁၃ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် – ၂၀၀၄

ကိုရဲ (စိုက်ပျိုးရေး)

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်သည် ဆန်ကို ထာဝရရိက္ခာအဖြစ် စားသုံးကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို) စာရင်းဇယားအရ ကမ္ဘာ့ဆန်လိုအပ်ချက်သည် ၂၀၃၀ ပြည့်တွင် ၁၉၉၉ခုနှစ် စိုက်ပျိုးထုတ်လုပ်မှု ပမာဏထက် ၃၈ ရာခိုင်နှုန်းကျော် ရှိလာမည်ဟု သိရသည်။ အနာဂတ် ကမ္ဘာ့ဆန်စပါး လိုအပ်ချက်ပြည့်မီရန် နည်းပညာသစ်များ လိုအပ်နေပြီ။ ကမ္ဘာ့ဆန် စားသုံးမှုဖူလုံရေး နည်းလမ်းရှာကြရမည်။ ဆန်စပါးသည် အရေးကြီးစားသုံးသီးနှံဖြစ်သည်ကို ကမ္ဘာသူ၊ ကမ္ဘာသားများ သိရှိကြရန်လိုသည်။

၂၀၀၂ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သည့် (၅၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ ၂၀၀၄ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ဟု သတ်မှတ်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်–၂၀၀၄ သည် စားနပ်ရိက္ခာ ဖူလုံရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ အာဟာရဓာတ်ပြည့်ဝရေးတို့ ဖြစ်ပေါ်ရန် ရည်ရွယ်ချက်ထားရှိပြီး လုပ်ကိုင်ကြမည်ဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်၊ ၁၃ ရက်များက ဌာနချုပ်တည်ရှိသည့် အီတလီနိုင်ငံ ရောမမြို့တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံကျင်းပခဲ့သည်။ ကမ္ဘာ့လူဦးရေသန်း ၈၄၀ ငတ်မွတ်ခေါင်းပါးမှု ကြုံနေရဆဲကို ၂၀၁၅ ခုနှစ်တွင် ထက်ဝက်လျှော့ချနိုင်ရမည်ဟု ရည်မှန်းချက်ပန်းတိုင် ချမှတ်ခဲ့သည်။ အဆိုပါရည်မှန်းချက်ကို ကမ္ဘာသူ၊ ကမ္ဘာသားများက စုပေါင်းတာဝန်ယူ ဖြေရှင်းကြရမည်ဖြစ်သည်။ ကမ္ဘာ့လူသား အများစု စားသုံးသည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုလျှံရန်မှာ စိုက်ဧက တိုးချဲ့ရမည်။ တစ်ဧကအထွက်နှုန်း တိုးရမည်။ ကမ္ဘာတစ်ဝန်း အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ကို ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ဦးဆောင်ကြီးမှူးပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန(အီရီ) International Rice Research Institute (IRRI) အပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်လှုပ်ရှားကြသည့် လုပ်ငန်းရပ်ကြီးအဖြစ် ၂၀၀၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းကျင်းပလျက် ရှိကြသည်။

အာရှနိုင်ငံများသည် ဆန်အဓိကစားသုံးမှုပိုများသည်။ ရေ၊ မြေ ဒေသအခြေအနေကလည်း ဆန်စပါးစိုက်ပျိုးဖြစ်ထွန်းသည့် ကမ္ဘာ့ဇုန်ဖြစ်သည်။ ဆန်စပါး၏ မူရင်းဒေသဆိုကလည်း မမှားနိုင်။ စပါးသီးနှံ၏ မူရင်းဒေသမှာ မြန်မာနိုင်ငံ အပါအဝင်ဖြစ်သော အရှေ့တောင်အာရှဒေသဖြစ်သည်။ ကမ္ဘာ့ဆန်စပါး စိုက်ပျိုးမှုသည် လွန်ခဲ့သည့် နှစ်တစ်သောင်းခန့် သက်တမ်းရှိခဲ့ပြီ။ အရှေ့တောင်အာရှဒေသတွင် လွန်ခဲ့သော နှစ်ခြောက်ထောင်ခန့်မှ ဆန်ကို စားသုံးခဲ့ကြသည်ဟု မှတ်တမ်းများတွင် ဖော်ပြသည်။ မြန်မာနိုင်ငံသည် ၁၉၂၀ပြည့်နှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ဆယ်စုနှစ် နှစ်ခုခန့် နှစ်စဉ်ဆန်နှင့် ဆန်ထွက်ပစ္စည်း တန်ချိန် နှစ်သန်းကျော် ကမ္ဘာ့ဈေးကွက်တင်ပို့၍ ကမ္ဘာတွင် ဆန်တင်ပို့နိုင်မှု အများဆုံး ရှိခဲ့သည်။ ရှေးယခင်နှစ်များစွာ လူဦးရေနည်းပါးချိန်ကလည်း ဆန်စပါးဖူလုံပိုလျှံခဲ့သည်။ ယနေ့တိုင်လည်း ဆန်စပါးနှင့် ပတ်သက်၍ စပါးပိုလျှံရမည်ဟူသည့် ရည်ရွယ်ချက်ထားရှိပြီး ပြည်တွင်းဖူလုံပိုလျှံမှုရှိနေသည်။ မြန်မာနိုင်ငံသည် ရှေးယခင်နှစ်များစွာကပင် ဆန်စပါးအပေါ်အခြေပြု၍ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခြေခံများကို တည်ထောင်ဖော်ဆောင်ခဲ့သော အစဉ်အလာရှိသည်။ မြန်မာနိုင်ငံတွင် ရှေးမြန်မာဘုရင်များလက်ထက်မှ မျက်မှောက်ခေတ်ကာလအထိ နိုင်ငံတော်အစိုးရများသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရေးကို ခေတ်အလိုက် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေသည်။ ဆန်စပါး အဓိက စိုက်ပျိုးထုတ်လုပ်သော အခြားနိုင်ငံများနည်းတူ ဆန်စပါး သုတေသနလုပ်ငန်းများကို ထိထိရောက်ရောက် အားပေးကူညီပံ့ပိုးဆောင်ရွက်နေသည်။ နိုင်ငံတစ်ဝန်း ဒေသ၊ ရေမြေနှင့် ကိုက်ညီသော အထွက်ကောင်းစပါး၊ အရည်အသွေးကောင်း စပါးများကို မွေးမြူထုတ်လုပ်နိုင်ခဲ့သည်။ မိုးစပါး၊ နွေစပါး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့သည်။ **အနာဂတ်ကာလတွင် တိုးတက်လာမည့် လူဦးရေနှင့်အညီ ဆန်စပါးပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆန်စပါးထုတ်လုပ်မှုပညာရပ်များ ဖော်ထုတ်ခြင်း၊ စပါးတိုးချဲ့ စိုက်ပျိုးခြင်း၊ တစ်ဧက အထွက်နှုန်းတိုးအောင် ပန်းတိုင်အထွက်နှုန်း ရရှိရေးဆောင်ရွက်ခြင်းတို့ကို စီမံကိန်းများ ချမှတ်လုပ်ကိုင်ဆောင်ရွက်နေသည်။** ယခုအခါ စပါးစိုက်လယ်မြေ၏ ၇၁ ရာခိုင်နှုန်းကျော်တွင် အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်သည်။ စိုက်ဧကနှင့် ဆန်စပါးထွက်ရှိနှုန်းများ သိသာစွာ တိုးတက်လာခဲ့သည်။

မြန်မာနှင့် ဆန်စပါးသည် ခွဲခြား၍မရ။ ဆန်ကို နေ့စဉ်စားသုံးနေသည့် လူမျိုးဖြစ်သည်နှင့်အညီ ၂၀၀၄ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ကျင်းပနေသော အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် လှုပ်ရှားမှုတွင်လည်း မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးပြီး ဘဝအတွက် ဆန်သည်အသက် Rice is Life ဆောင်ပုဒ်နှင့်အညီ စာစီစာကုံး၊ ပန်းချီ၊ ပိုစတာ၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ရုပ်မြင်သံကြား ဆွေးနွေးခန်း၊ မြန်မာ့အသံမှ ဟောပြောချက်များ၊ ပြပွဲများ၊ စပါးပျိုးကြဲပွဲတော်များကို ကျင်းပလျက် ရှိနေပြီဖြစ်သည်။ အောက်တိုဘာလ ပထမပတ်အတွင်းမှာလည်း မှော်ဘီမြို့ မြန်မာ့ဆန်စပါးသုတေသနဌာနတွင် ပြပွဲကြီးကျင်းပတော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

> **အနာဂတ်ကာလတွင် တိုးတက်လာမည့် လူဦးရေနှင့်အညီ ဆန်စပါးပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆန်စပါးထုတ်လုပ်မှု ပညာရပ်များ ဖော်ထုတ်ခြင်း၊ စပါးတိုးချဲ့ စိုက်ပျိုးခြင်း၊ တစ်ဧက အထွက်နှုန်းတိုးအောင် ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်ခြင်းတို့ကို စီမံကိန်းများ ချမှတ်လုပ်ကိုင် ဆောင်ရွက်နေသည်။**



တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီက မြို့နယ် အမျိုးသမီးရေးရာ စာကြည့်တိုက်သို့ မဂ္ဂဇင်း၊ စာစောင်နှင့်ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက်က ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင် (စိုးအောင် / တိုင်းရင်းဆေးသိပ္ပံ)က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသို့ မဂ္ဂဇင်း၊ စာစောင်နှင့်စာအုပ်မျိုးစုံ အုပ်ရေ ၄၀၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှသံဃာတော်များ စာရင်းစစ်ချုပ်ရုံးဝန်ထမ်းမိသားစု ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြား/စီမံ ဆရာတော်များ၊ စာအောင်သံဃာတော် အပါး ၄၅၀တို့အား စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နာယကချုပ်ဆရာတော်အား ဒုတိယ စာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ စာချ၊ စာသင်ဆရာတော်၊ သံဃာတော်များအတွက် စာရင်းစစ်ချုပ်ရုံးမှ လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၂၄၀၀၀၀ ကို ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နာယကချုပ်ဆရာတော်က သာဓုအနုမောဒနာတရားတော်နှင့် ရေစက်သွန်းချ တရားချီးမြှင့်သည်။ **(က–ပ)**

ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၅/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ရက်က အထက(၃)အလုံ သီရိရတနာခန်းမ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးဝင်းကြည် အမှာစကားပြောကြားစဉ်။ (က–ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ် ၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဗျိုင်းရွာမရပ်ကွက် ဗဟိုလမ်း အမှတ် ၂၅နေ ကွယ်လွန်သူ ဘကြီးဦးအောင်သိန်း၊ အကြီးဒေါ်ပုတို့အားရည်စူး၍ ဒေါက်တာ ဦးစောဝင်း၊ ဒေါ်လှဥမ္မာစိုး(သား) မောင်ကျော်ဝင်းခန့် မိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ် တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယကဖလားဘောလုံးပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးတို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ဇနီး၊ အားကစားအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းကိုယ်စားပြု အမျိုးသမီးလက်ရွေးစင် အားကစားသမားများနှင့် နိုင်ငံ့ဂုဏ်ဆောင်အမျိုးသမီး ဘောလုံးအားကစားသမားများ ပေါ်ထွန်းရေးအတွက် ၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့တို့ပူးပေါင်းပြီး ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၄ခုနှစ် ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့နာယကဖလားအမျိုးသမီးအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဒေါက်တာစိုင်းဆိုင်ထွန်းနှင့်ဇနီး(Alpine သောက်ရေသန့်)တို့က အလှူငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီးဒေါ်ခင်သက်ဌေးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ကွင်းဖွင့်ပွဲအဖြစ် ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းနှင့် ကာကွယ်ရေးအမျိုးသမီးဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြသည်။

၂၀၀၄ခုနှစ် ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့နာယကဖလား အမျိုးသမီးအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလမှာ ယနေ့မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၀၄ ခုနှစ် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တပ်မဌာနချုပ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းနှင့် ဇနီး၊ တပ်မဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ နယ်မြေခံတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသင်းလိုက်ဆုများနှင့်တစ်ဦးချင်းဆုရရှိသော ပြိုင်ပွဲဝင်များအား တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ပထမရရှိသောအသင်းအား တပ်မမှူး ဗိုလ်မှူးကြီးလှဌေးဝင်းက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၄ခုနှစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဥက္ကံဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင်နှင့်ဆေးဝါးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်နှင့်ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ဥက္ကံမြို့ရှိ ဦးမောင်ရုံး၊ဒေါ်ရင်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ရှေးဦးစွာ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်းက အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပရခြင်း၊ ငွေပဒေသာပင်နှင့်ဆေးဝါးများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငွေပဒေသာပင်နှင့် ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီက လှူဒါန်းငွေကျပ်တစ်သိန်း၊ သုံးဆယ်မြို့နေ ဦးသိန်းရွှေ-ဒေါ်လှအေးမိသားစုက ငွေကျပ်တစ်သိန်း၊ အလှူရှင်များက ဆေးဝါးများနှင့် ဥက္ကံမြို့ ဘုရားကြီးရပ်နေ ဦးစိုးအောင်-ဒေါ်မြမြဝင်း၊ သမီးဖြစ်သူမစုညိမ်းဝေက မွေးနေ့အလှူအတွက် တစ်နေ့တာ စားစရိတ်ငွေ ကျပ်တစ်သောင်းငါးထောင်တို့ကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထွန်းပိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်းက ဥက္ကံဘိုးဘွားရိပ်သာ ငွေပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေများ ပေးအပ်စဉ်။ (လူမှုဝန်ထမ်း)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ပို့ကုန်မြှင့်တင်ရေးဗီဒီယိုဓာတ်လမ်းရိုက်ကူးရေးညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်းနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ပညာပေးဗီဒီယိုဓာတ်လမ်းရိုက်ကူးရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၆ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းအထောက်အကူပြုရန်နှင့် ပုဂ္ဂလိကကဏ္ဍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက်ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ပညာပေးဗီဒီယို ဓာတ်လမ်းရိုက်ကူးရန် စီစဉ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ပညာပေးဗီဒီယိုဓာတ်လမ်းကို နိုင်အောင်ကိုက ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ မီးပွားက စီစဉ်ညွှန်ကြားရိုက်ကူးပြီး သရုပ်ဆောင်မင်းဦး၊ မျိုးစန္ဒီကျော်၊ သက်မွန်မြင့်၊ ဆောင်းအိန္ဒြေထွန်းနှင့် သရုပ်ဆောင်များ၊ UMFCCI Training Centreမှသင်တန်းသား သင်တန်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖတ်စ်မြန်မာအင်နဗက်(စ်)မင့်တ်ကုမ္ပဏီ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

First Myanmar Investment Co.,Ltd.(FMI Co.,Ltd.)၏ ၂၀၀၃-၂၀၀၄ခုနှစ် (၁၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ FMI Co., Ltd. မှ ဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များ၊ အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ၊ Serge Pun & Associates (Myanmar) Ltd.(SPA Myanmar Ltd.)၏ Chief Executive Officer, Mr. Martin Pun၊ အစုရှယ်ယာရှင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် သဘာပတိ FMI Co., Ltd. ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းမောင် (အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် FMI Co., Ltd. ဥက္ကဋ္ဌ ဦးလှကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Managing Agent ဦးသိမ်းဝေက ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကာ အစုရှယ်ယာရှင်များ၏ ဆွေးနွေးမေးမြန်း အကြံပြုချက်များကို ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ၂၀၀၃-၂၀၀၄ခုနှစ် ငွေစာရင်း ရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာကို အတည်ပြုကြပြီး ၂၀၀၄-၂၀၀၅ခုနှစ် အမှုဆောင်ဒါရိုက်တာများကို ရွေးချယ်ကာ Managing Agent ဦးသိမ်းဝေအား ဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။

ထို့နောက် သဘာပတိဗိုလ်မှူးကြီးဝင်းမောင်(အငြိမ်းစား)က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

FMI ˚Co., Ltdသည်ရိုးမဘဏ်လီမိတက်၊ FMI Garden Development Limited., FMI Syndication Limited., SPA Motors, SPA Motorcycle Limited., Myanmar Nissan Co., Ltd., Myanmar Suzuki Motor Co., Ltd., Pun Hlaing International Hospital Limited စသည့်ကုမ္ပဏီ ၁၄ ခုတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုဋ္ဌဝတီမြစ်ရေ မြစ်ငယ်တွင် စိုးရိမ်ရေမှတ်အထက်တွင်ရှိ

ရန်ကုန် စက်တင်ဘာ ၁၂

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့နံနက် ၆နာရီခွဲ၌ စိုးရိမ်ရေမှတ်အထက်တွင် ၃၅စင်တီမီတာ (တစ်ပေ) ရှိနေသည်။

အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၇)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၆၇)ကို ယနေ့ (တနင်္လာနေ့)၌ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

"မီဒီယာခေတ်မကျန်ရစ်ဖို့" ဟူသော ဂျာနယ် ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ရုရှား၏ အဆိုးရွားဆုံး အကြမ်းဖက်မှု၊ ဗုံးခွဲတိုက်ခိုက်ခံရသော သြစတြေးလျသံရုံး၊ ဘူရွန်ဒီနိုင်ငံအကြောင်း သိကောင်းစရာ၊ ဘာလီဗုံးခွဲသူ၏ အတ္ထုပ္ပတ္တိစာအုပ်၊ ပျက်စီးသွားသည့် ဂျင်းနစစ် အာကာသယာဉ်၊ ရာဇဝတ်ဘေး ပြေးမလွတ်ပုံကို ဖော်ညွှန်းသော လူသတ်သမားတစ်ဦးအကြောင်း၊ နီပေါနိုင်ငံရေး အခြေအနေ၊ အာရှနှင့် အဏုမြူစွမ်းအင်လုပ်ငန်း၊ အလာစကာပြည်နယ်တွင် ရေနံတူးလိုသည့် ဘုရှ်၊ ဘရူနိုင်းအိမ်ရှေ့မင်းသား၏ လက်ထပ်ပွဲ၊ နှလုံးခွဲစိတ်ကုသမှုခံယူသည့် ကလင်တန်၊ တောင်ကိုရီးယားနှင့်ပလူတိုနီယမ်၊နိုင်ငံတကာဟာသ၊ဆုငွေထုတ်ခံရသော ချေချင်းအကြမ်းဖက် ခေါင်းဆောင်နှစ်ဦး၊ ကမ္ဘာ့ရေနံဈေးနှုန်းအခြေအနေ၊ တိုက်ချင်းမ်ဒုံးပျံစမ်းသပ်သည့် ရုရှား၊ တောင်ကိုရီးယား မြို့တော်သစ်၊ ဟိုက်ဒရိုဂျင်ကားဈေးကွက်နှင့် တရုတ်ပြည်စသည့်သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့နံပါတ်(၁)အမေရိကန်တင်းနစ်မယ်များ ယူအက်စ်တင်းနစ်ပြိုင်ပွဲ၌ ရုရှားကိုရှုံး၍ မျှော်လင့်ချက်ပျက်ပြယ်

နယူးယောက် စက်တင်ဘာ ၁၁

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီး အကြိုဗိုလ်လုပွဲကို နယူးယောက်မြို့၌ စက်တင်ဘာ ၁၀ရက်က ကျင်းပခဲ့သည်။

အကြိုဗိုလ်လုပွဲအဖြစ် အမေရိကန်မှ ဂျနီဖာကက်ပရီယာတီအား ရုရှားမှ အယ်လီနာဒီမင်တီဗာက ၆-၀၊ ၂-၆၊ ၇-၆ဖြင့် အနိုင်ရရှိသွားခဲ့သည်။

ထိုနေ့စောစောပိုင်းက အကြိုဗိုလ်လုပွဲအဖြစ် အမေရိကန်မှ လင်ဆေးဒါဗင်ပို့နှင့် ရုရှားမှ အက်စ်ဗက်လန်ဒါကွတ်ဇ်နက်ဆိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် ရုရှားမှ အက်စ်ဗက်လန်ဒါကွတ်ဇ်နက်ဆိုဗာက အမေရိကန်မှ လင်ဆေးဒါဗင်ပို့အား ၁-၆၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိသွားခဲ့သည်။

ကွတ်ဇ်နက်ဆိုဗာသည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲများ ရှုံးသွားသဖြင့် အမေရိကန်အမျိုးသမီးများသည် တင်းနစ်လောကတွင် ကမ္ဘာ့ နံပါတ်(၁)နေရာကို ဆက်လက်ထိန်းသိမ်းထားမည်ဆိုသည့် မျှော်လင့်ချက်သည် အဆုံးသတ်သွားပြီ ဖြစ်သည်။

မိမိသည် ယင်းကဲ့သို့ အနိုင်ရလိမ့်မည်ဟု အမှန်တကယ်မယုံကြည်မိကြောင်း ကွတ်ဇ်နက်ဆိုဗာက ပြောသည်။ လင်ဆေးဒါဗင်ပို့သည် ပထမအကျော့တွင် ကောင်းကောင်းကစားနိုင်ခဲ့ကြောင်း၊ မိမိသည် မနည်းကြိုးစား ကစားနေရကြောင်း ၎င်းက ပြောသည်။

မိမိသည် မနက်ဖြန်ညနေတွင် ကစားမည့် ဗိုလ်လုပွဲအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ရုရှားမှ ဆဋ္ဌမအဆင့်ရှိ အယ်လီနာဒီမင်တီဗာနှင့် ဗိုလ်လုရမည်ဖြစ်ကြောင်း၊ မိမိသည် ယူအက်စ်အိုးပင်း တင်းနစ်ဗိုလ်လုပွဲသို့ ပထမဆုံးရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားမှ နဝမအဆင့်ရှိ ကွတ်ဇ်နက်ဆိုဗာက ပြောကြားသည်။

ယခုနှစ် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ တင်းနစ်မယ်များ ဗိုလ်လုကြမည်ဖြစ်သည်။ **(အင်တာနက်)**

ရုရှားမှ အယ်လီနာဒီမင်တီဗာက အမေရိကန်မှ ဂျနီဖာကက်ပရီယာတီယာအား အနိုင်ရပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ်(၅)အဖြစ် အာဆင်နယ်အသင်းနှင့် ဖူဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် အာဆင်နယ်အသင်းမှ ဖရက်ဒစ်လန်းဘတ်က ဂိုးသွင်းယူပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ် ပွဲစဉ်(၅)အနိုင်အရှုံး

အင်္ဂလန် စက်တင်ဘာ ၁၁

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ် (၅)ကို စက်တင်ဘာ ၁၁ရက်က ကျင်းပအပြီး အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ်(၅)အပြီး အာဆင်နယ်အသင်းသည် ၅ပွဲကစားပြီး ၁၅မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိပြီး ချယ်လ်ဆီးက ၁၃မှတ်ဖြင့် ဒုတိယ၊ ဘော်လ်တန်အသင်းက ၁၀မှတ်ဖြင့် တတိယလိုက်နေသည်။

အက်စတွန်ဗီလာ ၀ - ၀ **ချယ်လ်ဆီး**

ဘော်လ်တန် ၂ - ၂ **မန်ယူ**
ကီဗင်နိုလန်(၅၂မိနစ်) / ဂါဘရီရယ်ဟိန့်ဇ် (၄၄မိနစ်)
ဗက်ဖာဒီနန် (မိနစ်၉၀) / ဒေးဗစ်ဘီလီယံ (မိနစ်၉၀)

ဖူဟမ် ၀ - ၃ **အာဆင်နယ်**
ဖရက်ဒစ်လန်းဘတ်(၆၂မိနစ်)
ဓာတ်ကနိုက်(၆၅မိနစ်)
ရေးရက်စ်(၇၁မိနစ်)

လီဗာပူး ၃ - ၀ **ဝက်စ်ဘရွန်း**
စတီဗင်ဂျရက်(၁၆မိနစ်)
စကီဗင်ဖင်နန်(၄၂မိနစ်)
လူးဝစ်ဂါစီယာ(မိနစ်၆၀)

မန်စီးတီး ၀ - ၁ **အဲဗာတန်**
တင်မ်ကာဟေးလ်(မိနစ်၆၀)

မစ်ဒယ်ဘရော့ ၂ - ၁ **ဘာမင်ဂမ်**
ဗီဒူကာ (၂၇မိနစ်၊ ၄၈မိနစ်) / အီမီးလ်ဟတ်စ်ကီး(၄၂မိနစ်)

နယူးကာဆယ် ၃ - ၀ **ဘလက်ဘန်း**
ဖလစ်ကရော့ဖ်(၉မိနစ်)
အလန်ရှီးယား(၁၆မိနစ်)
–

ပို့စ်မောက် ၃ - ၁ **ခရစ္စတယ်ပဲလေ့စ်**
ရီကာဒိုပူးလ်လား(၃မိနစ်) / ဒန်နီဂရင်းဘယ်လီ (၄၃မိနစ်)
ပက်ထရစ်ဗာဂါ(၄၇မိနစ်)
တိုနီပေါ့ဗိုဗစ်(၈၅မိနစ်)–

(အင်တာနက်)

စပိန်လိဂ်အနိုင်အရှုံး

စပိန် စက်တင်ဘာ ၁၁

စပိန်လိဂ်ပွဲစဉ်(၂)ကို စက်တင်ဘာ ၁၁ ရက်က ကျင်းပသည့် အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

ဘီလ်ဘို ၂-၂ **ဗလင်စီယာ**
အစ္စမေးလ်အာဇာရစ် / မာကိုဒီဗိုင်အို
အင်ဒိုနီအီရော်လာ / မီဂယ်အင်ဂူလို

ရီးရဲမက်ဒရစ် ၁-၀ **နုမင်စီယာ**
ဒေးဗစ်ဘက်ခမ်း

ဘာစီလိုနာ ၂-၀ **အက်ဖ်စီဆီဗီးလ်**
လူနိုဗစ်ဂျီလီ
ဟန်ရစ်လာဆွန်

(အင်တာနက်)

နစ္စတယ်ရှိုင်းပြန်လာပြီ

အင်္ဂလန် စက်တင်ဘာ ၁၁

အာဂျင်တီးနားအသင်းမှ ဂါဘရီရယ်ဟိန့်ဇ်သည် သူ၏ မန်ချက်စတာပရိသတ်ဆီသို့ ပြန်လာပြီဖြစ်သကဲ့သို့ ရုဗင်နစ္စတယ်ရှိုင်းသည်လည်း ဒဏ်ရာရရာမှ ပြန်ကောင်းလာပြီး ဖြစ်သည်။

သို့ရာတွင် စာချုပ်အသစ်ချုပ် လိုက်သော ဝိန်းရူနီသည် ပြန်ကစားနိုင်ရန် သုံးပတ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း မန်ယူမန်နေဂျာ အလက်ဖာဂူဆန်က သောကြာနေ့က ပြောကြားသည်။

အာဂျင်တီးနားအသင်းမှ ဟိန့်ဇ်သည် ပဲရစ်စိန့်ဂျာမိန်းမှ ပေါင် ၆ ဒသမ ၉ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သော်လည်း ကိုပါဖလားနှင့် အိုလံပစ်ပြိုင်ပွဲများကြောင့် မန်ယူတွင် စနေနေ့က ဘော်လ်တန်နှင့်ပွဲ၌ ပထမဆုံးပွဲအဖြစ် ကစားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဂျာမနီ ဘွန်ဒက်စ်လီဂါပွဲစဉ်(၄)အနိုင်အရှုံး

ဂျာမနီ စက်တင်ဘာ ၁၁

ဂျာမနီ ဘွန်ဒက်စ်လီဂါပွဲစဉ်(၄)ကို စက်တင်ဘာ၁၁ရက်က ကျင်းပအပြီး အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် ၁ - ၀ **အာမေးနီးယား**
ရှိုင်းမာကေး

ဂလာဘက်ချ် ၃ - ၁ **ဝါဒါဘရီမင်**
မာရက်ဟိန့်ဇ်
အိုလီဗာနူဗယ်လီ
အိုင်ဗိုယူလစ်
နယ်လ်ဆွန်ဟောဒိုဗာဒက်

မိန့်ဇ် ၂-၀ **လေဗာကူဆင်**
နီကလက်ဝီလင်းဒ်
ဘင်ဂျမင်အော်ရာ

နုရင်ဘတ် ၀-၀ **ဟာသာဘာလင်**

စတုဂတ် ၂-၀ **ဟမ်းဘတ်**
ဆယ်လ်ဗီယိုမိစ်နာ
အမ်ရီအက်ဇာဗစ်

ဘိုချန် ၂-၂ **ဒေါ့မွန်**
ရေးမွန်းကယ်လာ / ဂျန်ကိုလ်လာ
ရိုင်းဒီမယ် / ဟာရီကွဲအိဝတ်သုန်

ဝုဖ်စ်ဘတ် ၃ - ၀ **ရှော်လ်ကေး**
မာရီယန်ဟဲရစ်ခတော့ဗ် နှစ်ဂိုး
ဒီဂိုကလင်မိုဝှဇ်

(အင်တာနက်)

ပြည်နယ်နှင့်တိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့ ညနေ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင်ကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်း (က)အသင်းမှ နန်းယဉ်ယဉ်မြင့် ဦးဆောင်သောအသင်းက ဧရာဝတီတိုင်း (ခ)အသင်းမှ ခင်သန်းစော ဦးဆောင်သည့်အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့်အနိုင်ရရှိပြီး ပထမရရှိသွားသည်။ ဧရာဝတီတိုင်း(ခ)အသင်းက ဒုတိယရရှိပြီး ပူးတွဲတတိယဆုကို ရန်ကုန်တိုင်း(က)အသင်းနှင့် မွန်ပြည်နယ် (က)အသင်းတို့ ရရှိသွားသည်။

အမျိုးသားနှစ်ယောက်တွဲ

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ရန်ကုန်တိုင်း(က)အသင်းက မန္တလေးတိုင်း(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ပထမတံခွန်စိုက်ဒိုင်းဆုကြီးကို ရယူသွားသည်။ ဒုတိယဆုကိုမန္တလေးတိုင်း(က)အသင်းကလည်းကောင်း၊ ပူးတွဲတတိယဆုကို မန္တလေးတိုင်း(ခ)အသင်းနှင့် ရန်ကုန်တိုင်း (ခ) အသင်းတို့က ရရှိသွားကြသည်။

အမျိုးသမီးသုံးယောက်တွဲ

အမျိုးသမီးသုံးယောက်တွဲ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံဧရာဝတီတိုင်းသူများ ယှဉ်ပြိုင်ကြရာ နှင်းယုယုအေး ဦးဆောင်သည့် ဧရာဝတီတိုင်း(ခ)အသင်းက ခိုင်မွေးဦးဆောင်သည့် ဧရာဝတီတိုင်း(က)အသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် ပထမဒိုင်းဆုကြီးကို ရယူသွားသည်။ ဧရာဝတီတိုင်း(က)အသင်းက ဒုတိယဖြင့်သာကျေနပ်လိုက်ရသည်။ ပူးတွဲတတိယဆုကို မွန်ပြည်နယ်(က)အသင်းနှင့် ရန်ကုန်တိုင်း (က)အသင်းတို့က ရရှိသွားသည်။ ဧရာဝတီတိုင်း အမျိုးသမီးအသင်းသည် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၂ခုနှစ်အထိ သုံးနှစ်ဆက်တိုက်ဖြင့် ဒိုင်းအပိုင်ရထားပြီး ၂၀၀၃ခုနှစ်မှ ယခု၂၀၀၄ခုနှစ်အထိ နှစ်နှစ်ဆက်တိုက်ဖြင့် ဒိုင်းဆုကြီးကို ရယူသွားပြန်သည်။ ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပရာတွင် (၁၀)ကြိမ်မြောက်ရှိပြီဖြစ်ရာ ဧရာဝတီတိုင်း အမျိုးသမီးအသင်းက ငါးနှစ် ဆက်တိုက် ပထမဖြင့် စံချိန်တင်ထားနိုင်သည်။

အမျိုးသားသုံးယောက်တွဲ

အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းအသင်းက ရန်ကုန်တိုင်းအသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ပထမတံခွန်စိုက်ဒိုင်းကြီးကို ရယူသွားသည်။ ရန်ကုန်တိုင်းအသင်းက ဒုတိယဖြင့်သာ ကျေနပ်လိုက်ရသည်။ ပူးတွဲတတိယဆုကို ကချင်ပြည်နယ်(ခ)အသင်းနှင့် ပဲခူးတိုင်း (က)အသင်းတို့က ရရှိသွားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက်ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်(ဒေါင်အုပ်စုကုမ္ပဏီလီမိတက်)နှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(မြန်မာ့အလင်း)**

အီတလီစီးရီးအေ ပွဲစဉ်(၁) စတင်ကစားပြီ

အီတလီ စက်တင်ဘာ ၁၁

အီတလီစီးရီးအေပွဲစဉ်(၁)ပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပအပြီး အနိုင်အရှုံးမှာ အောက်ပါအတိုင်းဖြစ်သည်။

ချီယေဗိုဗာရိုနား ၂-၂ **အင်တာမီလန်**
ပရန်ကို ဆီမွိုင်လီ / ဒီယန်ခတန်ကိုဗခ်
ဆာဂျီယိုယ်လစ်ခီယာ / အက်ဒရီယာနို

အေစီမီလန် ၂-၂ **လီဗော်နို**
ကလဲရင့်ဆီးဒေါ့ဖ် နှစ်ဂိုး / ခရစ်စတီယာနိုကယ်လီ နှစ်ဂိုး

(အင်တာနက်)

စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းများဝင်ခွင့် အရည်အချင်းစစ် စာစမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ် ဗိုလ်လောင်း၊ တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်း နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည်ဝင်ခွင့် စာမေးပွဲကို အောက်ပါ အတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် **အရည်အချင်းစစ် စာမေးပွဲကို** ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၃၀ နာရီမှ ၁၁၀၀ နာရီထိ။
(၂) ဇီဝဗေဒ ၁၃၃၀ နာရီမှ ၁၅၀၀ နာရီထိ။

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည် အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) အင်္ဂလိပ်စာ ၀၉၃၀ နာရီမှ ၁၁၀၀ နာရီထိ။
(၂) သင်္ချာ ၁၃၃၀ နာရီမှ ၁၅၀၀ နာရီထိ။

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆို ရမည်-

(၁) အင်္ဂလိပ်စာ ၀၉၃၀ နာရီမှ ၁၁၀၀ နာရီထိ။
(၂) သင်္ချာ ၁၃၃၀ နာရီမှ ၁၅၀၀ နာရီထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုရမည်-

(က) မြစ်ကြီးနားမြို့ တပ်နယ်ခန်းမ။
(ခ) လားရှိုးမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဂ) ကျိုင်းတုံမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) တောင်ကြီးမြို့ သံလွင်ခန်းမ။
(င) မော်လမြိုင်မြို့ ရွှေနတ်တောင် တပ်မတော် အထက။
(စ) မြိတ်မြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဆ) စစ်တွေမြို့ ဇမ္ဗူလခန်းမ။
(ဇ) မုံရွာမြို့ အထက(၂) အလုံ၊ တပ်မတော်ကျောင်း။
(ဈ) တောင်ငူမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ။
(ည) ရန်ကုန်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ၊ အထက(၂)၊ မင်္ဂလာဒုံ။
(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း- ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ရန်ကင်း။
(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၂)၊ မင်္ဂလာဒုံ။
(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက (၂)မင်္ဂလာဒုံ။

(ဋ) မုသိမ်မြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ်(၁)မှ(၂၅၀)အထိ- တိုင်းစစ်ဌာနချုပ်ခန်းမ။
(ခခ) ခုံအမှတ်(၂၅၁)မှ နောက်ပိုင်း- တပ်နယ်အားကစားရုံ။
(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။
(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - တိုင်းစစ်ဌာနချုပ်ခန်းမ။

(ဌ) မန္တလေးမြို့

(၁) စစ်တက္ကသိုလ်ဗိုလ်လောင်းများအတွက်
(ကက) ခုံအမှတ်(၁)မှ(၁၄၀၀)အထိ- အထက(၁၈)၊ နန်းတွင်း။
(ခခ) ခုံအမှတ်(၁၄၀၁)မှ နောက်ပိုင်း - အမက(၆)၊ နန်းတွင်း။
(၂) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအတွက် -အထက(၁၈)၊ နန်းတွင်း။
(၃) တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအတွက် - အထက(၁၈)၊ နန်းတွင်း။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် နံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာ ထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးလက်မှတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

မဟာဘုမ္မာသကဆွမ်းလောင်းပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရကျောင်းတိုက် ဦးစီးပဓာနနာယက ကမ္ဘာ့ရွှေရင်အေးဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇ္ဇာဖလကကြီးမှူးကျင်းပမည့် အကြိမ်(၃၀)မြောက် မဟာဘုမ္မာသကဆွမ်းလောင်းပွဲတော်ကြီးကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၉ရက် (စက်တင်ဘာ ၂၂ရက်) နံနက် ၅နာရီတွင် ပင့်သံဃာအပါး ၃၀၀ နှင့် သီလရှင်အပါး ၁၅၀တို့အား ဆွမ်းဆန်တော်၊ ငွေပဒေသာပင်များနှင့်အတူ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သွားမည်ဖြစ်ပြီး နံနက် ၉နာရီတွင် ဓမ္မစကြာဓမ္မာရုံတော်ကြီး၌ ဆရာတော်ကရေစက်ချတရား ဟောကြားမည်ဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီး ရဟန်းရှင်လူ၊ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အလှူတော်ငွေလှူဒါန်း

ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘုရားဖြူဆရာတော်ကြီးအား(ဦးစံညွန့်-ဒေါ်လှသီ) ကွပ်ဆိပ်ရွှေကျင် အမှတ်(၁၆၁) ၅၁လမ်း ပုဇွန်တောင်တို့အားရည်စူး၍ သားသမီးမြေးမြစ် မိသားစုတို့က တစ်ခန်းအတွက် အလှူတော်ငွေကျပ် ၆၀၀၀၀၀ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့မိခင်နို့ချိုတိုက်ကျွေးရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဒုတိယဆုရ ဒေါ်ခင်လေးလှိုင်(ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ)အားဂုဏ်ပြုပွဲနှင့် ချို့တဲ့ကျောင်းသားများအား ဗလာစာအုပ်ပေးအပ်ပွဲကို စက်တင်ဘာ ၈ရက်က မြို့နယ်အသင်းရုံးတွင်ပြုလုပ်ရာ ဆုရဒေါ်ခင်လေးလှိုင်အား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက ဂုဏ်ပြုဆုပေးအပ်စဉ်။ (၃၅၂)

ဒဂုံအထက(၁) ကျောင်းကောင်စီဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျောင်းအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ နဝမတန်းအပြာ(ခ)အသင်းနှင့် အစိမ်း(က)အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ အပြာ(ခ) အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက်ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်က အမှာစကားပြောကြားပြီး ကျောင်းအားကစားတာဝန်ခံ အထက်တန်းပြဆရာဦးကျော်မြင့်က ဘောလုံးပြိုင်ပွဲအောင်မြင်စွာ ကျင်းပရေးအတွက် ပါဝင် ဆောင်ရွက်ခဲ့သူများအား ကျေးဇူးတင်စကားပြောကြားသည်။

ချီးမြှင့်

ယင်းနောက် ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်၊ မိဘဆရာအသင်းအတွင်းရေးမှူး အထက်တန်းပြဆရာမ ဒေါ်ဝင်းမာနှင့်အတန်းမှူး ဆရာ ဆရာမများက ဘောလုံးနည်းပြဆရာ ဦးသန့်စင်နှင့် ဆုရအားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

မန္တလေးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် စက်တင်ဘာ ၁၂

မန္တလေးအသင်း (ရန်ကုန်)၏ (၂၇) ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး၊(၂၈)ကြိမ်မြောက်ပညာရည်ချွန်ဆုပေးပွဲ၊ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ စုပေါင်းဆွမ်းဆန်တော်ငွေ လှူဒါန်းပွဲကို စက်တင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကုန်သည်လမ်း မန္တလေးအသင်းတိုက် ရတနာပုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၃ခုနှစ် တက္ကသိုလ်ပညာသင်နောက်ဆုံးနှစ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဂုဏ်ထူးရရှိခဲ့သော အသင်းဝင်များ၏ သားသမီးများသည် ဆုယူရန် အထောက်အထားများနှင့်အတူ စက်တင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ စာရေးပေးပို့ကြရန်နှင့် နှစ်ပတ်လည် အစည်းအဝေးကို မန္တလေးအသင်းဝင်များ တက်ရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျောင်းကောင်စီ ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အနိုင်ရဗိုလ်စွဲသွားသော နဝမတန်း အပြာ(ခ)အသင်းမှ စိုင်းမော်ဟိန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

သဲအင်းဂူတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ၄ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလဆရာတော်ကြီး၏ တပည့် အရှင်ပဏ္ဏဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့ ဝိပဿနာ တရားစခန်းပွဲကို စက်တင်ဘာ ၂၇ရက်မှ အောက်တိုဘာ ၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တော်သလင်းလဆန်း ၁၃ရက် ညနေ အရောက်လာရောက်ကြရန်နှင့် တရားစခန်းဝင်သူများအား အကျိုးဆောင်အဖွဲ့က အာဟာရဒါနလှူဒါန်းမည်ဖြစ်ပြီး အာဟာရဒါနလှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနယူးစ်ဂျေကော်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၈)ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၁၂

အသည်းအလှူရှင် မအေးအေးမွန်ဘာကြောင့်အသည်းလှူခဲ့၊ ပြည်တွင်းထုတ် ထရပ်ကားများ ဒီဇိုင်းသစ်ပြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ကြပ်မတ်အရေးယူ၊ ထားဝယ်လေဆိပ် ဘိုးအင်းလေယာဉ်ကြီးများ ဆင်းသက်နိုင်မည်၊ ပုဂံနှင့် ဇန်ကောက်တိုက်ရိုက်လေကြောင်းခရီးစသည့် ပြည်တွင်းသတင်းဝေဝေဆာဆာဖြင့် မြန်မာနယူးစ်ဂျေကော်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၈) ကို ဖြန့်ချိလိုက်သည်။

ဟာသဇာတ်ကားများသာကြည့်ချင်ကြသည့် ကိုရီးယားများ၊ ကားပေါ်က ကော်ဖီဆိုင်၊ မွန်ဂိုလီးယားသိုးတွေ ဂျာကင်ဝတ်စသည့် နိုင်ငံတကာ စီးပွားရေးသတင်းများ၊ အပတ်စဉ်ပါနေကျ နိုင်ငံတကာ ပညာရေး မိတ်ဆက်၊ အားလပ်ရက် အပန်းဖြေ အညွှန်း၊ နယ်စပ်နှင့်ကုန်စည်ဒိုင်စီးပွားရေး၊ ကုန်သွယ်ရေးသတင်းများကို ထည့်သွင်းကာ e-Empire Media Houseဖုန်း-၇၀၃၈၁၃ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(က-ပ)**

စမ်းချောင်းမြို့နယ် အခြေခံပညာမူလတန်း အမှတ်(၆) ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၀ရက်က ပြုလုပ်ရာ ပထမတန်းမှ ပထမဆုရ မအိငုံဖူးအား ကျောင်းအုပ်ဆရာကြီး ဦးအေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ရှာရန်ရာနှုန်း၈၀

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မြင့်ဇော်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် ၁၇၉၅၅၁ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၅၆၁၂၂၅။



ကန့်ကွက်နိုင်ကြောင်းကြေညာ

မင်္ဂလာတောင်ညွန့်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၁၂/အိုင်) မြေကွက်အမှတ် (၂၀၄-ဘီ) ဒေါ်လှမြင့်အမည်ပေါက် နှစ်၉၀ဂရန်မြေကို အမှတ်(၇) ဒေါ်သိန်းတင်လမ်းနေ ဒေါ်လှလှသန်း K/RGN-၀၀၂၀၈၇၊ ဒေါ်စန်းစန်းရီ၊ ဒေါ်ဝင်းကြည်(ခ)ဒေါ်စန်းစန်းဝင်းတို့ကပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်ပြုလုပ်ရန် မြေပုံကူးယူခွင့် လျှောက်ထားလာရာ ရက်ပေါင်း၃၀အတွင်းကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။**

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1. Senior Accountant

(မ) ၁ ဦး

- B.Com, CPA ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး၊ လုပ်ငန်းတစ်ခုလုံး၏ စာရင်းများအား တာဝန်ခံဆောင်ရွက်နိုင်ရမည်။
- Computerized Accounting ကျွမ်းကျင်ရမည်။

2. Executive Secretary

၁ ဦး

- Secretary လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- အင်္ဂလိပ်စာ အရေး/အပြောကျွမ်းကျင်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

3. ဂိုဒေါင်မှူး

(ကျား) ၁ ဦး

- သိုလှောင်ရုံလုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရမည်။
- ဘွဲ့ရရှိသူဖြစ်ရမည်။

4.Sales Representative

(ကျား/မ) ၃ ဦး

- အရောင်းအဝယ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
- ရုံးစိုက်ရာမြို့မှ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
- အနည်းဆုံး(၁၀)တန်းအောင်ရမည်။ ဘွဲ့ရပြီးသူဦးစားပေးမည်။

အထက်ပါအလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း

အောင်ပန်းမြို့၌ ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

အောင်ပန်း စက်တင်ဘာ ၈

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ချို့တဲ့ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ အောင်ပန်းခန်းမတွင် ဩဂုတ် ၂၄ ရက်ကကျင်းပသည်။

အခမ်းအနားတွင် အောင်ပန်းမြို့ စေတနာရှင်များ ထည့်ဝင်ငွေ ကျပ် ၃၃၀၀၀၀ကို ကျောင်း ၁၁ ကျောင်းသို့ တစ်ကျောင်းကျပ် ၃၀၀၀၀စီဖြင့်(အထက၊အလက၊အမက) ကျောင်းများမှ ကျောင်းအုပ်များသို့ အောင်ပန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာကော်မတီအဖွဲ့တို့က ပေးအပ်ကြသည်။

ထို့နောက် အောင်ပန်းမြို့နယ် အမျိုးသမီးရေးရာကော်မတီအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးလတ်နှင့် ရှာင်းစုရပ်ကွက်အဖွဲ့ဥက္ကဋ္ဌဦးဝင်းမြင့်တို့က အသင်းအဖွဲ့များနှင့် ဒေသခံ စေတနာရှင်များက ပညာသင်ထောက်ပံ့ကြေးငွေ ပါဝင်ထည့်ဝင်နိုင်ရေး ဆောင်ရွက်ချက်တို့ကို တင်ပြပြီး ထောက်ပံ့ကြေးငွေရ ကျောင်းအုပ်များကိုယ်စား အမက(၇) ကျောင်းအုပ်ဆရာဦးညိုစိမ့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(၀၉၆)**

ကျေးလက် သတင်းနှင့် မြင်ကွင်း

သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၂၁ရက်က နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံ ကျေးရွာမှ တောင်သူ ဦးအောင်မြင့်၏ စပါးခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးပွဲ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် တာဝန်ရှိသူများ ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကျောက်မဲမြို့နယ် ကိုယ့်အားကိုယ်ကိုး ပွင့်သစ်စ စာကြည့်တိုက်ဖွင့်

ကျောက်မဲ စက်တင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၉ရက်က မိုင်းတင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး ပွင့်သစ်စ စာကြည့်တိုက်ကို ခရိုင်ဦးစီးအရာရှိ ဦးမောင်ကို၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်လွင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန္ဒာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်လွင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းကိုတို့က စာကြည့်တိုက်အတွက် စာအုပ်များ အသီးသီးပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးစိန္ဒာက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အမ်းမြို့နယ်လုံးကျွတ် စာကြည့်တိုက်ဖွင့်

အမ်း စက်တင်ဘာ ၅

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် မြို့နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဦးဆောင်ကာ ဩဂုတ်လအတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၃၃တိုက် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာသန့်ရှင်းရေး ကွင်းဆင်းစစ်ဆေး

ကာမိုင်း ဩဂုတ် ၃၀

ကာမိုင်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွမ်တူးသည် ဩဂုတ် ၇ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ အဖွဲ့ပိုင် ကာမိုင်းမြို့မဈေးတွင် စားသောက်ဖွယ်ရာနှင့် အသားငါးရောင်းချသူ ဈေးသည်ဈေးသားများအား သန့်ရှင်းလတ်ဆတ်သော စားသောက်ဖွယ်ရာများနှင့်အသားငါးများကိုသာ ရောင်းချရန်အတွက် ဈေးတွင်းကျန်းမာသန့်ရှင်းရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

- ✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။
- ✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တာချီလိတ်မြို့ အထက မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ်၂၀ရက်က ကျင်းပရာ သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုရ မောင်ဖြိုးတင့်လွင်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဦးညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၄၂၀)

ဝက်လက်မြို့နယ် ပညာဗိမာန်စာကြည့်တိုက်ဖွင့် အလှူရှင်များက စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ဝက်လက် စက်တင်ဘာ ၁

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မင်းရွာကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက်က ကျေးရွာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ပြည်သူ့ရတနာ ရွှေဝါခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြံအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းနှင့် မင်းရွာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြံအောင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် ၅၀ နှင့် အလှူရှင်တို့က စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူးက လက်ခံရယူကြောင်း သိရသည်။ **(က–ပ)**

ဖားကန့်မြို့ လမ်းပြုပြင်ရန် ကွင်းဆင်းတိုင်းတာ

ဖားကန့် ဩဂုတ် ၃၀

ဖားကန့်မြို့တွင် မြို့သာယာလှပရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ဖားကန့်–လုံးခင်းလမ်းပေါ်ရှိ ဖားရေသောက်လမ်းအပိုင်းပြုပြင်ရန် ဩဂုတ် ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာနှင့် ဝန်ထမ်းများ ကွင်းဆင်းတိုင်းတာ ဆောင်ရွက်မှုအခြေအနေအား အမှုဆောင်အရာရှိဦးကျော်ဇေယျက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ဩဂုတ် ၂၅ ရက်က ကရင်ပြည်နယ် မြဝတီမြို့ သန့်ရှင်းလှပစေရေးအတွက် မြို့အဝင်လမ်းဘေးဝဲယာပေါင်းမြက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ ဒုတိယဦးစီး(အခွန်) ဦးကျော်နိုင်ဦးတို့ ကြီးကြပ်၍ ဝန်ထမ်းများက မြက်ဖြတ်စက်များဖြင့်ရှင်းလင်းကြစဉ်။ (၀၂၄)

ညောင်တုန်းမြို့နယ် အဝင်မဲဇလီ ကျေးရွာအုပ်စု အရွှံရွာအနီးတွင် စိုက်ထူထားသော “ဧရာဝတီတိုင်းမှ လှိုက်လှဲစွာ ကြိုဆိုပါ၏”ဆိုင်းဘုတ်မုခ်ဦးနှင့် “ညောင်တုန်း မြို့နယ်မှ လှိုက်လှဲစွာ ကြိုဆိုပါ၏”မုခ်ဦးတို့တွင် မြို့နယ် စည်ပင် သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက သန့်ရှင်းသာယာ လှပရေးလုပ်ငန်း၊ ပန်းအလှပင်များ ပြုပြင်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းတို့ကို စက်တင်ဘာ၇ရက်က ဆောင်ရွက်ကြစဉ်။ (၀၉၈)

မွန်ပြည်နယ် ၁၀ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစည်းဝေး

မော်လမြိုင် စက်တင်ဘာ ၈

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီမှ မွန်ပြည်နယ် ၁၀ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီရုံးတွင် ကျင်းပသည်။

ရှေးဦးစွာမွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆောင်ရွက်မှုတင်ပြ

ထို့နောက် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော် က ပညာပေးဟောပြောပို့ချရန် ဆောင်ရွက်ရမည့် အကြောင်းအရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် ၁၀ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မိမိတို့လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ တင်ပြကြသည်။ **(၁၆၈)**

သရုပ်ပြပွဲကျင်းပ

သြဂုတ် ၂၃ ရက်က ဆိပ်ဖြူမြို့နယ် မယ်ဇလီကွေ့ကျေးရွာ မဲတောင်လယ်ပွဲတွင် ဧက ၁၀၀ ယာစပါး စုပေါင်းစိုက်ပျိုးပွဲနှင့် စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးအကြောင်းဟောပြော ကိုယ်ဝန်ဆောင်အမျိုးသမီးများ သံဓာတ်ဆေးပြားတိုက်ကျွေး

ရွှေကျင် စက်တင်ဘာ ၉

ရွှေကျင်မြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားအား စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီကကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွှေကျင်ဆေးရုံအုပ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေကျင်ဆေးရုံအုပ် ဒေါက်တာကြည်ဝင်းက အာဟာရဖွံ့ဖြိုးရေးအကြောင်း ဟောပြောပြီး ရပ်ကွက်အသီးသီးမှ တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်အမျိုးသမီးများအား သံဓာတ်ဆေးပြားများ တိုက်ကျွေးကြကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဆောင်ရွက်

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သြဂုတ် ၁၈ ရက်က ပျိုးဥယျာဉ်အတွင်း ပျိုးပင်များထုပ်လုပ်မှုကို အမှုဆောင်အရာရှိ ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ကလောမြို့ကျန်းမာရေး အသိပညာပေးဟောပြော

ကလော စက်တင်ဘာ ၈

ကလောမြို့ကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို သြဂုတ် ၁၆ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဆရာဝန်ကြီးဒေါ်ခင်နွဲ့ရီက "ကျန်းမာသန့်စွမ်းသော ကျောင်းသား ကျောင်းသူများသည် အနာဂတ်ခေါင်းဆောင်များ ဖြစ်ရမည်"ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ဆရာဝန်ဦးစံကြည်က "ရောဂါမဖြစ်ရန် မည်သို့ကြိုတင်ကာကွယ်ရမည်"ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(၄၀၈)**

သြဂုတ် ၂၇ ရက်က ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် အောင်ဆန်း ၇ လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ (မြို့ပြ)မြေသားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိန်မှန်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မောင်တောမြို့နယ်ဥက္ကဋ္ဌဒိုင်း ကျေးရွာပေါင်းစုံဘောလုံးပြိုင်

မောင်တော စက်တင်ဘာ ၁၀

မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်း ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၄ ရက် ညနေ ၃ နာရီက မောင်တောမြို့ မြို့မအားကစားကွင်းတွင်ကျင်းပရာ ခရိုင်၊ မြို့နယ်မှတာဝန်ရှိသူများ၊ ဘင်ခရာတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်အသင်း ၂၀ မှ အားကစားသမားများ၊ အုပ်ချုပ်သူနည်းပြများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** အစီအစဉ်အရ အုပ်စု(က)မှ ရွှေဇားအုပ်စုအသင်းနှင့် ညောင်ချောင်းကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်ခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**



သြဂုတ် ၁၄ ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဌေးဝင်း ဦးဆောင်သော ဝန်ထမ်းများ မြို့ရှေ့ ပန်းသီတာ ဥယျာဉ်အတွင်း ရေပန်းအလှ တပ်ဆင်ခြင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၁၄-၉-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၅ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် အမျိုးသမီးများ လေ့လာနိုင်ရန် (ဓမ္မပူဇာတေး)

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံချက်)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက်(ကျောက်စာများက ဖော်ပြနေသော မြန်မာတို့၏နှလုံးသား- (ပထမပိုင်း)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (မြန်မာ့ဗီဇအားမာန်-ညွန့်ဟံ-ကြူတော)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ကျွန်တော့်၏ ကုန်ကြမ်းများ)

၁၂:၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဉ္စမတန်း-သမိုင်း)

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ရွှင်လန်းမယ့် အပွင့်ပန်းများ)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ကမ္ဘာ့ဂီတ

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားစဉ်ထိခိုက်ဒဏ်ရာရရှိမှုမှကာကွယ်နည်း)

၁၇:၅၀ သောတရှင်အတွက် ပြန်ကြားချက်

၁၉:၁၅ ကျန်းမာရေးနှင့်ဆေးပညာ (သင့်ရင်သွေးအတွက် အရေးပါသော အသည်းရောင်အသားဝါဘီ ကာကွယ်ဆေး အမြန်ထိုးပါမနေး)

၁၉:၃၀ ခရီးသွားစကားဝိုင်း (ပေါင်းစည်းအားနှင့် ခရီးသွား)

၂၀:၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ အစီအစဉ်။

မြောင်းမြခရိုင် ထွေ/အုပ် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်

မြောင်းမြ စက်တင်ဘာ ၈

မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ခရိုင်အတွင်းရှိ မြို့နယ်များမှ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၁/၂၀၀၄)ကို မြောင်းမြမြို့ မြရွှေဝါခန်းမတွင် ဩဂုတ် ၃၁ရက်က ကျင်းပရာ မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဦးအေးဟန်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။**(ယာပုံ)**

သင်တန်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန်၊ခရိုင်ဦးစီးအရာရှိဒေါ်လှမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများနှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပို့ချကြသည်။ သင်တန်းသို့ မြောင်းမြ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ အိမ်မဲနှင့် ပြင်စလူမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၁၆ရက်အထိဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲနှင့် နတ်တလင်းမြို့နယ်၌စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နတ်တလင်း စက်တင်ဘာ ၇

နတ်တလင်းမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်လှလှတင်က အာဟာရဖွံ့ဖြိုးရေးအသိပညာများနှင့် လှုပ်ရှားမှုအစီအစဉ်များ ဆွေးနွေးပြီးနောက် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ဆောင်ရွက်

ဆက်လက်၍ အလက၊ အမက ကျောင်းများတွင် အိုင်အိုဒင်းဆားအရည်အသွေးစစ်ဆေးခြင်း၊ ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ ဝေငှခြင်းများ ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်အတွင်း ရေနုတ်မြောင်းများတူးဖော်ခြင်းကို ဩဂုတ် ၂၈ရက်က ရပ်ကွက်ပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရာ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ အမှုဆောင်အရာရှိ ဦးဝင်းသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများ နတ်မောက်မြို့တွင်း လမ်းဘေးဝဲယာ ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးရေးအတွက် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားမှုကို စက်တင်ဘာ ၂ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကံချွန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းလွင်တို့ ကြီးကြပ်၍ အဖွဲ့ ဝန်ထမ်းများက စက်တင်ဘာ၃ရက်က ကွမ်းခြံရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ပန်းခုံများတွင် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းပင်များ ပုံသွင်းဖြတ်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၃၈၀)

ဩဂုတ် ၂၂ရက်က ကျောက်တံတားမြို့နယ် အမှတ်(၇)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ဆိပ်ကမ်းသာ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေမောင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဩဂုတ် ၃၁ရက်က ငပုတောမြို့ ဈေးတံတား တိုးချဲ့ကတ္တရာခင်းရန် လုပ်ငန်းဆောင်ရွက်မှုကို ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးသူရလွင်တို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (မြို့နယ် စည်ပင်)

ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမက(၁၂)တို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၉ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် အမက(၁၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျွေးမွေးလှူဒါန်း

ဩဂုတ် ၂၇ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့ အမက(၃၅)တွင် ဦးခင်ဇော်-ဒေါ်ခင်ခင်သန်းတို့၏သား မောင်မိုးရဲခင်ဇော်၏ (၁၁)နှစ်မြောက် မွေးနေ့အဖြစ် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး လှူဒါန်းစဉ်။ (က-ပ)

ဝမ်းမြောက်ဂုဏ်ယူခြင်း

NIBBAN ELECTRIC & ELECTRONICS

ISO 9001 : 2000

NIBBAN ELECTRIC & ELECTRONICS လုပ်ငန်းသည် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ် ISO 9001 : 2000 လက်မှတ်ကို (၁၃.၈.၂၀၀၄) ရက်နေ့တွင် ထိုက်ထိုက်တန်တန် ရရှိခြင်းအတွက်များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် လုပ်ငန်းပိုမိုတိုးတက် အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

(၁)ဦးသိန်းတန် (Tokyo Plastic Factory) (၇)ဦးသန်းဇော် (Silver Light Electric)

(၂)ဦးခင်ဇော် (Mr Kim)Myanmar YES Co.,Ltd (၈)ဦးဟုတ်စိန် (Jaws Battery Clip)

(၃)ဦးအောင်ထွန်းမြင့် (Super Power Co.,Ltd) (၉)ဦးမောင်မောင်(Mg Mg Metal Casing Industry)

(၄)ဦးစံရှ (Super Apollo) (၁၀)ဦးညွန့်လွင် (Myat Mon Electric)

(၅)ဦးကျော်စိန် (Lu Htu Electric) (၁၁)ဦးတင်ဦး (N2 Nickle)

(၆)ဦးကျော်ဦး (Popular Plastic Industry Group)

သတင်းကောင်း

Success Copier Group Ltd.

Success Copier Group Ltd.

အမည်ပြောင်း

ဦးမောင်မောင်သန်း၏သမီး အထက(၁) ညောင်လေးပင်မြို့၊ ဒသမတန်း(A)မှ မသက်မွန်ဦးအား ယနေ့မှစ၍ မခိုင်ခိုင်ငြိမ်း ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ခိုင်ငြိမ်း။**

ရောင်း/လဲ/ငှားမည်

Junction 8 (ကိုးလွှာ)ရောင်းမည်။ Nissan Cetric 91 Model ၈က/ရောင်းမည်။ Hi Ace, Town Ace ဝယ်မည်။ ခရီးစဉ်မျိုးစုံအတွက် Aircon Mini Bus, Saloon မျိုးစုံငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသော ယာဉ်နံပါတ်အနီ၊ အနက် ပိုင်ရှင်များ ဆက်သွယ်ရန်။ **ဖုန်း-၅၂၄၆၈၆၊ ၇၂၀၄၄၇။**

မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံရှိ စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားအင်အား (၁၅၀) လိုအပ်လျက်ရှိပါသည်။ လုပ်သားအနေနှင့် အောက်ပါအတိုင်း ခံစားခွင့်ရှိမည်ဖြစ်ပါသည်။
- (က) တစ်ရက် အလုပ်ချိန်(၈)နာရီ
- (ခ) အခြေခံလစာတစ်ရက် ၂၁/၂၅ရင်းဂစ်
- (ဂ) တစ်လလျှင် အချိန်ပို(၇၀)နာရီ အနည်းဆုံးရနိုင်ပြီး သာမန်နှုန်းထက် ၁½ ဆရရှိမည်။
- (ဃ) နယ်မှလာရောက်လျှောက်ထားသော လုပ်သားများအတွက် အလုပ်လျှောက်ထားစဉ် အခမဲ့တည်းခိုနိုင်ရေးစီစဉ်ပေးမည်။

၂။ ဝန်ဆောင်ခမှာ ခြောက်သိန်းခွဲဖြစ်ပါသည်။ လူတွေ့စစ်မေးခြင်းကို(၂၂-၉-၂၀၀၄)ရက်မှ (၂၄-၉-၂၀၀၄)ရက်တွင်ပြုလုပ်မည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်၊ အမှတ်(၁၁၁)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၆၄၂၄၇၃၊၆၄၂၉၀၂ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

PANDA

>TV, VCD, DVD
>WASHING MACHINE
>AIR CON
>REFRIGERATOR

Phone : 373531

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်မည့်ရက်/အချိန်
1.	Linear Alkyl Benzene Sulphonic Acid(LAS)	10 MT	၂၃-၉-၂၀၀၄(မွန်းတည့်၁၂:၀၀နာရီ)
2.	Copolymer Dispersion	20 MT	၂၃-၉-၂၀၀၄(မွန်းတည့်၁၂:၀၀နာရီ)
	Alkyd Resin(L.O.L)	25 MT	၂၃-၉-၂၀၀၄(မွန်းတည့်၁၂:၀၀နာရီ)
3.	Duplex Paper (White)	55 MT	၂၃-၉-၂၀၀၄(မွန်းတည့်၁၂:၀၀နာရီ)

၂။ သိရှိလိုသည့် အချက်များရှိပါက ရောင်းဝယ်ရေးဌာန၊ ဖုန်းနံပါတ်-၅၄၃၃၆၅ သို့ ဆက်သွယ်နိုင်ပါသည်။

မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း။

အမျိုးသားရောဂါအထူးကု

GRAPHIC DESIGN SKILLS TRAINING CENTRE

ATOMIC digital art

ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းကျွမ်းကျင်သင်တန်း

(MON-FRI)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့ ရက်စွဲ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃၁ ရက် ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန မွေးမြူရေးစခန်းများအတွက်လိုအပ်သော တိရစ္ဆာန်အစာကုန်ကြမ်း၊ ဖြည့်စွက်ဆေးနှင့် ပီနံအိတ်ခွံများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇-၉-၂၀၀၄ ရက် (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်-၁၀၀၀(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ကင်ဆာကို ကုသပေးသော သမားတော်ကြီး (ဦးခင်ဝင်း)

ကင်ဆာ၊ အရိုး၊ အကြော၊ ခရုသင်း၊ မှဲ့လုံး၊ အနာလုံး၊ အကျိတ်၊ အရေပြားမျိုးစုံ၊ အမြစ်ပွားနာအမျိုးမျိုး(အထူးကု)

*အရိုး*ကို ရက်ပိုင်းအတွင်း အမြန်ဆက်ပေးသည်။ ရောဂါအမျိုးမျိုးကို မခွဲ၊ မလှီး၊ အပ်မထိုး၊ ခေတ်မီအဆင့်မြင့်လိမ်းဆေးဖြင့် ကုသပေးနေပါပြီ။

* **မြစန္ဒာဆေးခန်း**-အမှတ် ၃၁၄၊ အခန်း ၄၊ ရွှေဘုံသာလမ်း(အလယ်)၊မြေညီထပ်

ဆေးခန်းဖွင့်ချိန်- မွန်းလွဲ ၁ နာရီမှ ညနေ ၆နာရီထိ။ ဖုန်း- ၂၈၁၆၀၇

* အမှတ်- ၈၁၇(ခ)၊ ဓမ္မာရုံလမ်း၊ ၁၀ရပ်ကွက်၊ သာကေတမြို့နယ်။

ဆေးခန်းဖွင့်ချိန်-နံနက် ၇ နာရီမှ ၁၁နာရီထိ။ ည ၇နာရီမှ ၁၀နာရီထိ။

ဖုန်း-၅၄၇၃၉၀။

ကားစီးလုံးငှားသည်

Zaw Win & Associates
Z&A Car Renter

ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၅၄၀၅၄၅၊ ၀၉-၀၈-၂၀၀၉၁။

အမည်ပြောင်း

ဦးသိန်းဇော်၏သား အထက(၅) မင်္ဂလာဒုံမြို့နယ် အဋ္ဌမတန်း(က)မှ မောင်ရန်ငြိမ်းသုခဇော်အား မောင်လပြည့်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လပြည့်မောင်။

မိဘအမည်မှန်

မြိတ်မြို့ အထက(၁) အဋ္ဌမတန်း (C)မှ မောင်ဟိန်းသွေးဦး၏ မိဘ အမည်မှန်မှာ ဦးသန်းလွင် ၆/မအရ (နိုင်)၀၀၈၆၁၆၊ ဒေါ်ယုယုချို ၆/မအရ(နိုင်)၀၁၇၇၄၄ ဖြစ်ပါသည်။ **ဦးသန်းလွင်- ဒေါ်ယုယုချို။**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မွန်ပြည်နယ်ဘီးလင်းမြို့ ကန်သာယာရပ်ကွက် ကျွန်းတောလမ်းနေ မသီတာအေး ၇/ဝမန(နိုင်)၀၃၅၁၅၃ သည် ကျွန်တော်မရှိခိုက် ပစ္စည်းများယူဆောင်၍ ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မည်သည့်ကိစ္စနှင့်မျှ ပတ်သက်ဆက်နွှယ်ခြင်းမပြုရန် ကြေညာလိုက်သည်။

ဦးတင်ဝင်း၁၂/မဘန(နိုင်)၀၅၁၂၈၂။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏သား မောင်မင်းမင်းဇော် ၁၂/မဂဒ(နိုင်)၁၁၇၈၅၂ သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမပေးပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှရှိန် ၁၂/မဂဒ(နိုင်)၀၂၅၂၈၄ **ဒေါ်အုန်းမြင့်** ၁၂/မဂဒ(နိုင်)၀၂၅၂၈၅။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးခင်မောင်ညွန့် ၁၂/ပဘတ(နိုင်)၀၁၀၄၅၀ ၏ သားဖြစ်သူ ခင်မောင်လှ(ခ) ဘောဘီ ၁၂/ပဘတ(နိုင်)၀၃၁၅၀၆ သည် မိဘညီအစ်ကိုမောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ခြင်း၊ ခွင့်မလွှတ်နိုင်သော အကြောင်းကိစ္စများပြုလုပ်ခြင်း၊ မိသားစုများဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ခြင်းတို့ကြောင့် (၅-၉-၂၀၀၄) ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ခင်မောင်လှ(ခ)ဘောဘီနှင့်ပတ်သက်သော ကိစ္စရပ်များအား မိသားစုမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးခင်မောင်ညွန့်
၁၂/ပဘတ(နိုင်)၀၁၀၄၅၀
အမှတ်-၅၄၊ ရွှေတိဂုံဘုရားလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၈၂၆၇၅ မော်တော်ယာဉ်လက်ဝယ်ရှိသူသည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင် ကြော်ငြာ သည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညနတိုင်းရုံး(မကွေး) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး၊(မကွေး)။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ်-၁၅၃၆

ဒေါ်ကေသီဝင်း **နှင့်** ဦးကျော်ဇော
အခန်း ၄၀၃၊ အမှတ် ၂၂၆၊ အခန်း ၄၀၃၊ အမှတ် ၂၂၆/၂၃၂၊
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိ)

တရားလို
တရားပြိုင်

တရားပြိုင် ဦးကျော်ဇော (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကေသီဝင်းက မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအရ လင်ခန်းမယားခန်း ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်)နေ့ မွန်းလွဲ ၁:၀၀ နာရီအချိန်တွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၇+၂(ကံဘဲ့)၊ မြေကွက်အမှတ် ၁၊ ဧရိယာ ၀ ဒသမ ၁၂၅၈က ဟု ခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၁)၊ ဝေဇယန္တာလမ်းဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ တရားဝင်ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
(B.A.,H.G.P.,C.B.L.,D.B.L.,D.M.L)
ဥပဒေအကျိုးဆောင်
အမှတ်-၈၆/၈၈၊ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉-၉၉-၂၅၇၃၆။

လိပ်ခေါင်း၊ဂရင်ဂျိနာ၊ ဧအိုနာ၊ အကျိတ်ဖြစ်သူများ

(ဤကြော်ငြာကို ဖတ်မြင်အောင်ဖတ်ပါ) ဖုန်း -၂၄၈၀၆၄

သမားတော်ကြီး ဒီနွှာ၊ လိပ်ခေါင်း၊ဂရင်ဂျိနာ အထူးကု

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်ကြည် (ပီလခတ်)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၁၂၉၆၊ စပယ်လမ်းနေ (ဦးလှမောင်)၏ဇနီး၊ ဦးမောင်ကံ–ဒေါ်တင်ရှိန်၊ ဦးလှထွန်း–(ဒေါ်ခင်ဥ)၊ ဦးမြစိုး–ဒေါ်သင်းစိန်၊ ဦးကျော်သန်း–ဒေါ်စောကြည်တို့၏အစ်မကြီး၊ ဦးသန်းဦး–ဒေါ်နွဲ့နွဲ့အေး၊ ဦးသန်းထူး–ဒေါ်ထွေးထွေးမာ၊ ဦးသန်းအောင်–မချောတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂–၉–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

တောင်တွင်းကြီးမြို့၊ အောင်မြင်ဇေယျစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့် (လ/ထတိုင်းမန်နေဂျာ၊ မြန်မာ့မီးရထား၊ မန္တလေး)–ဒေါ်ငွေးရည်ဝင်းတို့၏မိခင် ဒေါ်မြစိန်(ခရမ်း) အသက်(၉၀)သည် ၇–၉–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဂေါပကအဖွဲ့၊အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၊ တောင်တွင်းကြီးမြို့။

ဝမ်းနည်းကြေကွဲခြင်း

သားရင်း၊ ညီရင်းပမာချစ်ရပါသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအပေါ် အမြဲစိတ်ရင်းစေတနာဖြူစင်စွာဖြင့် ကူညီရိုင်းပင်းခဲ့သော ညီငယ် အောင်ကျော်စိုး အသက်(၃၀)သည် ၁၂–၉–၂၀၀၄ရက် ညနေ ၆း၅၅နာရီတွင်ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲနေမြောမိပါသည်။

ကိုသန်းဆွေ၊ ဦးအောင်သန်း–ဒေါ်အုံးမြင့်၊ ဦးထွန်းရင်–ဒေါ်ခင်ဆွေသန်း မိသားစု။

အမြန်ပြန်လာပါ

သမီး အေးသက်ထားအောင်(ဆွိ) မိဘများစိတ်ပူနေသည်။ အမြန်ဆက်သွယ်ပါ။ အမြန်ပြန်လာပါ။

ဦးမြင့်အောင်–ဒေါ်ရှုဟုန်။

အမည်ပြောင်း

အဖ ဦးသန်းဦး၏သား မော်ဘီတပ်မြို့၊ အထက(၂)၊Grade II-B မှ မောင်ဇေယျာဦးအား မောင်ဇေယျာမျိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇေယျာမျိုး။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်တင်အေးအေး (စဉ့်ကိုင်)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးမောင်မောင်) (ဒုရဲမှူး)–ဒေါ်တင်တင်တို့၏သမီး၊ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ဘုကိုင်းရွာနေ (ဦးအောင်တင့် ကျောင်းအုပ်ကြီး – ဒေါ်သိန်းမြ)တို့၏ သမီးချွေးမ၊ မန္တလေးမြို့နေ ကိုကျော်စိုးနိုင်(ကထိက၊ IR ဌာန MUFL)–မမျိုးသီတာလွင်၊ ပြင်ဦးလွင်မြို့နေ ဗိုလ်ကြီးမင်းခိုင်စိုး – မအိစန္ဒာလွင်၊ စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်နေ ကိုမင်းကိုကိုလွင်တို့၏မိခင်၊ (ဦးအုန်းလွင်) (စိုက်ပျိုးရေးမန်နေဂျာ)၏ ဇနီးသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် စဉ့်ကိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ခိုလိုကျေးရွာ၊သမင်အင်းကုန်းကျေး ရွာအုပ်စု၊ကျောက်တံခါးမြို့နယ်၊ပဲခူးတိုင်းနေ ဦးမောင်ဘီ–ဒေါ်ဟဲပိုတို့၏သမီးဖြစ်သူ နော်ကူးမ ၇/ကတခ(နိုင်)၀၉၉၆၂၉သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်မှုလုံးဝမရှိတော့ပါကြောင်း။

ဦးမောင်ဘီ–ဒေါ်ဟဲပို၊ ခိုလိုကျေးရွာ။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်လှ(ခ)ဆရာဦးစွမ်
(မြို့မကျောင်းသားဟောင်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် ၉၁/၉၉ နေ ဦးရွှေပြည်–ဒေါ်စိန်ညွန့်တို့၏သားထွေးသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုနိုင်(3/E Uniteam)–ဒေါ်ခင်လေးမြင့်တို့၏အစ်မ ဒေါ်တင်တင်ချို (၄၈)နှစ်သည် ၁၀–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်ငွေ–ဒေါ်ထွေးထွေးဝင်း၊ ဒေါ်တင်တင်မိုး၊ ဒေါ်မိုးမမရကျော်။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွေး (ညောင်ဦး၊ တက်မ)
အသက်(၉၁)နှစ်

ညောင်ဦးမြို့နယ်၊ တက်မရွာနေ (ဦးကောင်း)၏ဇနီး၊ဦးဆိုးကျော်–ဒေါ်သီ၊ ဦးကျော်ဗလ–ဒေါ်ဝိုင်း၊ ဦးအေးဆောင်–ဒေါ်ကြည်မြင့်၊ ဦးတင်ထွန်း–ဒေါ်ဝင်း၊ ဦးမိုးကောင်း–ဒေါ်ခင်မာအေးတို့၏မိခင်၊ မြေး ၂၉ ယောက်တို့၏အဘွား၊ မြစ်၂၅ ယောက်တို့၏ဘွားဘွားကြီးသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရင်မေ
အသက်(၈၆)နှစ်

(ဦးဘငွေ–ဒေါ်မမကြီး)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သရဖီလမ်း၊ အမှတ် ၂၈(မြေညီထပ်)နေ (ဦးခင်မြင့်)၏ဇနီး၊ ဦးအောင်မင်း(မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)–ဒေါ်ခင်မာလာတို့၏မိခင်၊ မောင်ဖြိုးဝေမင်း–မဖြူဖြူအေး၊ မောင်အိုးဝေမင်း(တတိယနှစ်၊စီးပွားရေးတက္ကသိုလ်၊ ရွာသာကြီး)၊ မောင်ခင်စိုး–မလှယဉ်ချောတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၂–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးငွေသိန်း(ခ)ဦးမဲ
(ကားဘော်ဒီရုံ)
အသက်(၅၆)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ (ဦးအောင်ဒင်–ဒေါ်သိန်းညွန့်)တို့၏သား၊ ဦးကြည်–(ဒေါ်သန်းစိန်)တို့၏သားသမက်၊ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ဝေဇယန္တာလမ်း၊အမှတ် ၃၉၃ နေ ဒေါ်မြင့်ကြည်၏ခင်ပွန်း၊ မောင်ငွေးလွင်၊ မမြင့်မြင့်အေး၊ မောင်မျိုးမြင့်အောင်တို့၏ဖခင်သည် ၁၁–၉–၂၀၀၄ရက် (စနေနေ့)နံနက်၂း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်သောင်းတင်
(လဝက၊ ငြိမ်း)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၉ နေ (ဒေါ်စိန်)၏မြေး၊ [ဦးဘိုးတန်(ခ)ဦးဘညွန့်–ဒေါ်သန်း]တို့၏သမီး၊ ဦးအုန်းမြင့်၊ ဦးသိန်းဟန်တို့၏ညီမ၊ (ဦးသိန်းအောင်)၏ဇနီး၊ ဒေါ်ခင်ခင်ဦး(မြန်မာ့လျှပ်စစ်၊ ရန်ကုန်တိုင်း)၊ ဒေါ်တင်တင်ဦး(ဆလကစီမံကိန်းအထူး–၃၊ စတို)၊ ဦးမောင်မောင်မြင့်(တက်နေမင်း Construction and Engineering Group.) – ဒေါ်ဦးယဉ် (အလက–၄၊ရန်ကင်း)၊ မောင်ဇေယျမင်းတို့၏မိခင်၊ မဝင်းရွှေရည်ထက် (အထက–၄၊ တာမွေ)၊ မအိဖူးပိုင်တို့၏ဘွားဘွားကြီးသည် ၁၂–၉–၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာ
ဦးကိုကိုကြီး (ကန်ကြီးဒေါင့်)
အသက်(၆၈)နှစ်

ဧရာဝတီတိုင်း၊ ကန်ကြီးဒေါင့်မြို့နယ် (ဦးကုလားလေး)၊ (ဒေါ်တင်ရွှေ)တို့၏ သားကြီး၊ ဦးဟန်ညွန့်(Tiger Black Head Group) – (ဒေါ်သန်းရင်)၊ ဦးကြီးမြင့် (Tiger Black Head Group)–ဒေါ်ရီရီ၊ ဦးတက်ထွန်း–ဒေါ်ခင်ထွေးတို့၏အစ်ကိုကြီး၊ ကိုခင်မောင်သန်း–မကြီး (မြနန်းစားသောက်ဆိုင်)၊ ကိုကျော်နိုင်–မငယ် (အမက–၈၊ ဒဂုံတောင်)၊ ကိုကျော်နိုင်–မမြင့်မြင့်ငွေး (တိုးတက်နိုင် ဆန်/ဆီ၊ ၂၀–ဈေး)၊ ကိုခင်မောင်ဦးတို့၏ဖခင်၊ (ဒေါ်သိန်းကြည်)၏ခင်ပွန်း၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၉–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၄၉/က၊ မြနန္ဒာလမ်း၊(၂၀)ရပ်ကွက်၊တောင်ဒဂုံနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

မောင်ဝဏ္ဏလှကျော်(ကိုစု)
(B.Sc, 2nd Year; Bot)
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၃၉၁/၃၉၂၊ ပုသိမ်ညွန့် ၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ မြို့နယ်ပညာရေးမှူးဟောင်း၊ အငြိမ်းစားကျောင်းအုပ်ကြီးဦးလှကျော်–ဒေါ်တင်ညွန့်(မြသီတာစာပေတိုက်)တို့၏သား၊ ဦးကျော်စံမြင့် (လ/ထ၊ တိုင်းပညာရေးမှူး၊ ငြိမ်း)–(ဒေါ်ခင်လှ)တို့၏သားသမက်၊ မမြသီတာကျော်(ခေတ္တ–ဂျပန်)၊ ကိုထူးထူးလှိုင် – ဒေါက်တာခင်ဥမ္မာကျော်(အရှေ့ပိုင်းဆေးရုံ၊ရန်ကုန်မြို့)၊ကိုသူရလှကျော်(ခေတ္တ–ဂျပန်)တို့၏ညီ/မောင်၊ မလှမြင့်သူ(မသူ) (မင်္ဂလာမွန်ဈေး)၏ခင်ပွန်း၊ ယွန်းမြတ်မိုးသူ၏ဖခင်၊ မောင်ဇေယျာဘိုဘိုထူး(စတုတ္ထတန်း–B၊ အလက–၁၊ ဒဂုံ)၏ဦးလေးသည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ဇရပ်ဒါယကာကြီး
ဦးညီ
လ/ထ ကထိက၊ငြိမ်း
ဆရာအတတ်သင်သိပ္ပံကျောင်း၊ရန်ကင်း
အသက်(၈၆)နှစ်

(ဦးပု–ဒေါ်မမကြီး)တို့၏သား၊ ဒေါ်မြမြ၏ခင်ပွန်း၊မခင်ဆွေဝင်း၊ဒေါက်တာခင်လှအောင်–ဒေါ်ခင်နွယ်ဦးတို့၏ဖခင်၊ မောင်ရှင်းသန့်၊မောင်နေထူးအောင်တို့၏ အဘိုးသည် ၁၂–၉–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၅၃၊ မင်းခေါင် ၂ လမ်း၊ တောင်ဥက္ကလာပနေအိမ် မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မေတင်
(မုဒုံ၊ တံခွန်တိုင်)
အသက်(၇၉)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ (ဦးဝင်း–ဒေါ်အေးမြ)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၁၉ နေ (ဦးခင်ယုံ)၏ဇနီး၊ ဒေါက်တာသန်းထွန်း–ဒေါ်ကြည်ကြည်ဝင်း၊ဦးအောင်ဆန်းဝင်း–ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်ငွေးရီ (မြန်မာ့အာမခံ)၊ ဦးကြည်လှိုင်(ရန်ကုန်–မော်လမြိုင် ကုန်စည်ပို့ဆောင်ရေး)–ဒေါ်ခင်မေသစ်၊ (ဒေါ်ခင်မေယု)၊ဦးကျော်ဇေယျ–ဒေါ်လှရီ(Mi Casa Hotel)၊ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း(အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)–ဒေါ်နွေဦးအောင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၁–၉–၂၀၀၄ရက် (စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၉–၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်တင်တင်ချို
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ် ၆၉ နေ (ဦးထွန်းအေး–ဒေါ်မြကြည်)တို့၏ သမီးကြီး၊ ဦးဇော်ဝင်း(ပန်းချီ)–ဒေါ်သန်းသန်းဆိုင်၊ ဦးခင်မောင်ချိုတို့၏ညီမ၊ ဦးတိုးဝင်း (Shipping Manager, Slipner Shipping Pte Ltd.)၏ဇနီး၊ ကိုဖြိုးဝေဝင်း(ခေတ္တ–စင်ကာပူ)၏မိခင်၊ ဒေါ်တင်တင်ညို (ကြည့်မြင်တိုင်ညဈေး)၊ ဦးကိုကိုနိုင် (3/E Uniteam)–ဒေါ်ခင်လေးမြင့်၊ ဦးဝင်းစိန်–ဒေါ်မိမိမော်တို့၏အစ်မ၊ တူ တူမ ကိုးယောက်တို့၏အဒေါ်သည် ၁၀–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စင်ကာပူနိုင်ငံ၌ကွယ်လွန်သွားပါ၍ ၁၂–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် စင်ကာပူနိုင်ငံ၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားပါသည်။

ရက်လည်ဆွမ်းကျွေး ပရိတ်တရားနာအား ၁၆–၉–၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မလှဲ့လှဲ့ဝင်း (မင်းပြား)
B.Sc, (Bot°)
အသက်(၂၂)နှစ်

ရခိုင်ပြည်နယ်၊မင်းပြားမြို့၊ဈေးဟောင်းပိုင်းနေ ဦးဒိုးအောင်ကျော်(ကျောင်းဆရာ၊ အငြိမ်းစား)–ဒေါ်သာသာတို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ် ၃၄၊ သြဘာလမ်း၊ ကျောက်မြောင်းနေ (ဦးမောင်စန်းဝင်း)–ဒေါ်ခိုင်ခိုင်ဦး(အမက၊ မင်းပြား)၊ မလှလှဝင်း(ခ)မအေးမြကြည် (ပါရဂူအထူးကုဆေးခန်း)၊ ဦးဘထူးအောင်–ဒေါ်သိန်းသိန်းခိုင် (သားဖွားဆရာမ၊ မင်းပြား)၊ (ကိုအောင်စောမင်း)၊ ကိုညီညီမောင် (GTI°)တို့၏ညီမငယ်၊ မအေးမိုးမိုး (အထက–၁၊မင်းပြား)၏အစ်မ၊ မယဉ်ထက်ပန်း၊မောင်ဟိန်းသုတတို့၏အဒေါ်၊ ကိုညီအေးသိန်း၏ဇနီးသည် ၁၁–၉–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၇–၉–၂၀၀၄ရက်(သောကြာနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၄၊ သြဘာလမ်း၊ ကျောက်မြောင်းနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မြခက်
(သပြေကုန်း၊ ကနောင်)
အသက်(၈၇)နှစ်

ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ သပြေကုန်းနေ (ပွဲစားကြီး ဦးငယ်–ဒေါ်စော)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၀၃၄၊ သမာဓိလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးကျော်ညွန့်၊ လွတ်လပ်ရေး မော်ကွန်းဝင် တတိယဆင့်)၏ဇနီး၊ ဦးမျိုးညွန့်ဆွေ (Licensed Tour Guide)၊ ဒေါ်ရီရီညွန့် (အထက်တန်းရှေ့နေ)တို့၏မိခင်၊ မောင်သန့်ဇင်ဆွေ၏အဘွား၊ဒေါ်လှမြင့်၊ ဒေါ်ကြည်ကြည်၊ ဒေါ်ရီရီ(သစ်ဆန်းဦးဘိနပ်ဆိုင်၊ဗိုလ်ချုပ်ဈေး)၊ ရဲမှူးသန်းမြင့် (ငြိမ်း)–ဒေါ်သန်းသန်းဝင်းတို့၏ အဒေါ်သည် ၁၂–၉–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်မေတင် (မုဒုံ၊ တံခွန်တိုင်)
အသက်(၇၉)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာနေ (ဦးဝင်း–ဒေါ်အေးမြ)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၁၉ နေ (ဦးခင်ယုံ)၏ဇနီး၊ ကိုကျော်ကျော်သန်း–မစုတင်ဇာအောင်၊ ကိုရဲထွဋ်(Hotel Nikko)–မသင်းခိုင်ဇာအောင်(Honey) (Sedona Hotel)၊ မဝတ်ရည်သန္တာထွန်း၊ မောင်ပြည့်ဖြိုး(သံချောင်း)၊ မောင်စွမ်းပြည့်(Grade X၊ အထက–၄၊တောင်ကြီး)၊ မယမင်းသူဇာထွန်း(Grade IX၊ အထက–၂၊ လသာ)၊မောင်အားမာန်(Primary III, ILBC)၊မဝတ်မှုံသင်းကြည်(Grade I, F.I.S.C)၊ မစုနှင်းလွင်(မူကြို–၅)တို့၏ အဘွား၊မောင်သာထက်ကျော်၊မဖူးမှုံသင်းတို့၏ဘွားဘွားကြီးသည် ၁၁–၉–၂၀၀၄ ရက်(စနေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၉–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမြေးမြစ်တစ်စု။

ဦးဖေဝင်း
ကျောင်းအုပ်ကြီး(ငြိမ်း)
အထက(၁)ဗိုလ်တထောင်
အသက်(၆၂)နှစ်

သထုံမြို့နေ(ဦးသာညွှန်း–ဒေါ်မြခင်)တို့၏သား၊ ၂၄၅/၂၊ ၃၅ လမ်း၊ ရန်ကုန်မြို့နေ (ဦးအောင်သိန်း–ဒေါ်အေးရှမ်း)တို့၏သားသမက်၊ တိုက် ၉၊ အခန်း ၂၀၃၊ ၉ လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်တင်တင်လှ (အထက–၂၊ တောင်ဒဂုံ)၏ခင်ပွန်း၊ ဦးဝင်းဖေဝင်း(စက်မှု–၁၊ စားကုန်)–ဒေါ်ဝင်းဝင်းဖြူ(အထက–၂၊ သာကေတ)၊ ဒေါ်သဲနုအေး (မြဝတီရပ်/သံ)တို့၏ဖခင်၊မချောပြည့်ပြည့်ဝင်း၏အဘိုးသည် ၁၁–၉–၂၀၀၄ရက် ည ၁၁း၄၀ နာရီတွင် မြောက်ဥက္ကလာပအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၉–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညီညီအောင် (တောင်ကြီး)
အသက်(၄၆)နှစ်

တောင်ကြီးမြို့၊ ကံရှေ့ရပ်၊ မဟာသုခလမ်းသွယ်၊ အမှတ် ၂၂၄ နေ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)–(ဒေါ်ကြည်ကြည်မြင့်)တို့၏သား၊ ဒေါ်ရီရီရှိန်၏တူ၊ ဦးကိုကိုအောင်–ဒေါ်ခင်ဆွေဦးတို့၏ညီ၊ ဦးထင်လင်း–ဒေါ်ဥမ္မာမြင့်၊ ဦးမောင်မောင်အောင်–ဒေါ်ဝါဝါကို၊ ဦးငွေးဝင်း–ဒေါ်မီမီအောင်မြင့်တို့၏အစ်ကို၊ ဒေါ်ချိုချိုအောင်၏ခင်ပွန်း၊ မောင်အောင်မျိုးဦး၊ မောင်အောင်မော်ခန့်၊မောင်သီဟကျော်၊ မစပယ်မော်တို့၏ဖခင်၊ တူ တူမ ၁၀ ယောက်တို့၏ဦးလေးသည် ၈–၉–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၉–၂၀၀၄ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးတော် (မုံရွာ)
(ဗမာ့ဂုဏ်ရည်အထည်တိုက်)
ပေါ်တော်မူဂေါပကအဖွဲ့နာယက
ချင်းတွင်းအသင်းရာသက်ပန်အသင်းဝင်
အသက်(၈၄)နှစ်

မုံရွာမြို့၊ ဘုရားကြီးရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗမာ့ဂုဏ်ရည်အထည်တိုက်(ဒေါ်ခင်သန်း)၏ခင်ပွန်း၊ဒေါ်ကြည်၊ ဦးဉာဏ်လင်း – (ဒေါ်ခင်ကြည်)တို့၏ အစ်ကိုကြီး၊ (ကိုအောင်ခိုင်)–မမြင့်မြင့်သန်း(ခ)မဘုတ်တို့၏ဖခင်၊ မောင်အာယု၊ ချစ်စုမ၊ မောင်သုခ၊ မအေးအေးသန်း(ခ)မတူးတူးမာတို့၏ အဘိုးသည် ၉–၉–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၉–၂၀၀၄ရက် (သောကြာနေ့)ညနေ ၄ နာရီတွင် မုံရွာမြို့ စာကျင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ဟန် (ကနောင်)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု ၁ လမ်း၊ အမှတ် ၅၅ နေ (ဦးငွေခဲ–ဒေါ်နန်းအေး)တို့၏သမီး၊[ဦးသန်းထွန်း(ခ)ဦးကုလား]၏ဇနီး၊ ဦးစောမောင်၏ညီမ၊ ဦးရဲဝင်း၊ ဦးကြည်အောင်–ဒေါ်တင်သန်း(လ–၂၊ တာမွေ၊ ငြိမ်း)တို့၏မိခင်၊ ကိုရန်ဝင်းနောင်–မကြည်ကြည်ဟန်၊ ကိုရန်မင်းအောင်–မနှင်းဝေ၊ မောင်ကျော်မင်းသန့်၊ ကိုကျော်ကျော်ထွေး–မစုမြတ်ထွေး၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၂–၉–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါ၍ ၁၄–၉–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမြခိုင် (နိဗ္ဗာန်)
(LL.B တရားရုံးချုပ်ရှေ့နေ)
အသက်(၅၇)နှစ်

ပဲခူးတိုင်း၊ကဝမြို့နယ်၊နိဗ္ဗာန်ကျေးရွာနေ(ဦးထွန်းလှိုင်–ဒေါ်အုံးမေ)တို့၏သား၊ အမှတ် ၅၉၊ လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးအိန္ဒိ–ဒေါ်ချွေးမ)တို့၏သားသမက်၊ (ဦးမြသန်း–ဒေါ်သန်းရီ)၊ (ဦးသန်းဝင်း)–ဒေါ်ကြည်အောင်၊ ဦးတင်ဝင်း–ဒေါ်မြင့်မြင့်ကြည်တို့၏ညီ/မောင်၊(ဦးစိန်လှိုင်)–ဒေါ်မြညွန့်၊ ဦးထွန်းမြင့်–ဒေါ်အိမွေ၊ ဦးအိကျူ–ဒေါ်အိးလန်း၊ ဦးမြင့်သိန်း–ဒေါ်အိးစန်း၊ဦးအုန်းကြိုင်–ဒေါ်ကျင်သန်းတို့၏ညီ/မောင်၊ဦးသန်းထွန်း–ဒေါ်မြမြ၊ ဦးသန်းနွဲ့ – ဒေါ်စန်းစန်းဝင်းတို့၏ အစ်ကို၊ အမှတ် ၁၁၈၊ အောင်ဇေယျလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်နေ(ဒေါ်မွှေးမွှေး) B.Sc (မြန္မာအပ်ချုပ်ဆိုင်)၏ခင်ပွန်း၊ မသီတာလင်း (တတိယနှစ်၊ဥပဒေ၊U.D.E)၊ မမြသူဇာ (စတုတ္ထနှစ်၊ ဥပဒေ၊ U.D.E)၊ (မမေသန်းခိုင်)၊ မခင်စန်းတင့်တို့၏ဖခင်သည် ၁၁–၉–၂၀၀၄ရက် ညနေ ၆း၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းအကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ကိုအောင်ကျော်စိုး (စမ်းချောင်း)
အသက်(၃၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် ၂၆ နေ (ဦးသော်)–ဒေါ်ငွေသန်းတို့၏မြေး၊ ဦးစိုးဝင်း–ဒေါ်ဆွေဆွေဝင်းတို့၏တူ၊ ဦးသန်းရွှေ–ဒေါ်အေးမြင့်(အောင်အထည်ဆိုင် D-ရုံ၊ သိမ်ကြီးဈေး)တို့၏သား၊ ဦးအောင်မောင်း – ဒေါ်မြင့်မြင့်စန်းတို့၏ သားသမက်၊ကိုကျော်မြသိန်း–မသင်းသင်းရွှေတို့၏အစ်ကို၊မသက်သက်လွင်၏ခင်ပွန်း၊ မောင်ဇေယျာမျိုး (Grade III-B၊ အထက–၂၊ကမာရွတ်)၏ဖခင်၊ မမြတ်မွန်သင်း၏ဘကြီးသည် ၁၂–၉–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၉–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ လှိုင်သာယာနှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် ဆွမ်းပဒေသာပင်အတွက် ဦးတင်မောင်စိုး–ဒေါ်မေသက်နှင်း မိသားစု၏ လှူဒါန်းငွေကျပ် တစ်ဆယ့်ငါးသိန်းကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၂

တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၂ တိုက်နှင့် သီလရှင်စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ သာယာကုန်း ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

လှိုင်သာယာမြို့နယ်

အခမ်းအနားသို့ လှိုင်သာယာမြို့နယ် အမှတ်(၄)ရပ်ကွက် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

မြန်မာ့အလင်း

ခေါင်းကြီး

သတင်း

ဆောင်းပါး

အညွှန်း

❒ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်နှစ်ရပ်ကို ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များတွင် အဓိကတာဝန်ရှိသကဲ့သို့ နိုင်ငံသားအားလုံးကလည်း အသိစိတ်ဓာတ်ရှိစွာဖြင့် လက်တွဲပါဝင်ကြရန် လိုအပ်ပေသည်။

ခေါင်းကြီး(စာ–၂)

❒ မြန်မာနိုင်ငံရဲ့တည်ဆဲတပ်မတော်အစိုးရဟာ ဒီကနေ့ မိမိတို့ရဲ့စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ထူထောင်ရေးဦးတည်ချက်ကို အခြေအနေအချိန်အခါနဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲ တက်လှမ်းကျင့်သုံးလာခဲ့ပါတယ်။ တရားသေကျင့်သုံးနည်းနဲ့ အခြေအနေအရ ကျင့်သုံးနည်း အစွန်းတရား နှစ်ပါးကင်းစွာ ကြိုးပမ်းထူထောင်လာခဲ့တယ်။

အောင်မိုးစံ ၏ **တရားသေဝါဒတွေ စွန့်လွှတ်ပြီး သင့်မြတ်စည်းလုံးစွာဖြင့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး**

ဆောင်းပါး(စာ–၃)

❒ မလိုတစ်မျိုး လိုတစ်မျိုး သဘောထားနှစ်ခွ အနောက်အုပ်စုကျင့်သုံးမှု ရှုရှား ဝေဖန်တိုက်ခိုက်။

နိုင်ငံတကာသတင်း(စာ–၅)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

✻ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

✻ သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

✻ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

✻ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

✻ အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ကမ္ဘာတစ်လွှားထူးထူးခြားခြား

နေရောင်ခြည်အမှုန်အမွှားများ

နေရောင်ခြည် အမှုန်အမွှားများကို ဂျီနီစစ်အာကာသယာဉ် (အောက်ပုံ) က စုဆောင်းပြီး ကမ္ဘာမြေပြင်သို့ ပြန်ပို့ပေးမည်ဖြစ်သည်။ ယင်းနေရောင်ခြည် အမှုန်အမွှားများကို လေ့လာခြင်းဖြင့် နေစကြဝဠာ၏ အရင်းအမြစ်ကို သိပ္ပံပညာရှင်များ ပိုမို သိရှိလာမည်ဖြစ်သည်။ သို့သော် အာကာသယာဉ်ထိပ်ဖူးသည် စက်တင်ဘာ ဂရက်၌ ယူတားသဲကန္တာရအတွင်း ပျက်ကျခဲ့သဖြင့် အချည်းနှီးဖြစ်ခဲ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)



ဂင်းနက်စ်စာအုပ်ဝင် ကမ္ဘာ့ အပုဆုံးအမျိုးသမီး

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်ဇီဒေသမှ ကျူဟောကျင်သည် အသက် ၂၀ နှစ် ရှိပြီဖြစ်သည်။ သူမအား ၁၉၈၄ ခုနှစ်က မွေးဖွားခဲ့ပြီး ယခုအသက် ၂၀အရွယ်၌ သူမ၏ အရပ်မှာ ၃၁လက်မသာ ရှိပြီး ကိုယ်အလေးချိန်မှာလည်း ၂၂ ပေါင်သာ ရှိခဲ့သည်။ သူမအား မွေးဖွားပြီးနောက် မကြာမီ၌ နေထိုင်မကောင်းဖြစ်ခဲ့ရာမှ သူမ၏ ကြီးထွားမှုမှာ နှေးကွေးခဲ့ရသည်ဟု ဆိုသည်။ (အပေါ်ပုံ) မှာ ကျူဟောကျင် (ယာ)နှင့်အတူ အသက် ၁၉ နှစ်အရွယ် မိန်းကလေးအား တွေ့ရစဉ်ဖြစ်သည်။ ကမ္ဘာ့အရပ်အပုဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်စာအုပ်၌ ဝင်ခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)